# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
# ဆဋ္ဌမနေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး အမျိုးသားလွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၆.၃၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးရဲ့ ဆဋ္ဌမနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်။ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါ့မယ်။

ဒေါက်တာလှသိန်း၊ မွန်(၆)၊ ကျန်းမာရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက် ရန်။ ဦးစောသန်းထွန်း၊ ကရင်(၄)၊ ကျန်းမာရေး။ ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်(၁)၊ ကျန်းမာရေး။ ဦးမြအုန်း၊ ကချင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဘရန်ရှောင်၊ ကချင်(၃)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊ ကျန်းမာရေး။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနိန်းခင်းပေါင်၊ ချင်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဂျေယောဂူ၊ ကချင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်စိန်၊ တနင်္သာရီ(၅)၊ ကော်မတီကိစ္စ။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကော်မတီကိစ္စ။ ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၄)ဦးယနေ့ ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ(၁၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၀)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

## လက်ပံတန်းမြို့နယ်၊ အုတ်ဖိုစုရွာနှင့်ကွမ်းခြံရွာ ဆက်သွယ်ထားသော ဒေသဖွံ့ဖြိုးရေး မြေသားလမ်းအား ဂဝံလမ်းအဖြစ် ခင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း က လက်ပံတန်း မြို့နယ်၊ အုတ်ဖိုစုရွာနှင့် ကွမ်းခြံရွာ ဆက်သွယ်ထားသော ဒေသဖွံ့ဖြိုးရေး မြေသားလမ်းအား ဂဝံလမ်း အဖြစ် ခင်းပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ ဒုတိယဝန်ကြီးများ၊ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး အမှတ်(၁၀)က ကိုယ်စားလှယ် ဦးမြင့်ထွန်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်မှာရှိတဲ့ ဆင်တလင်းကျေးရွာအုပ်စု၊ အုတ်ဖိုစု ရွာနဲ့ ကွမ်းခြံကျေးရွာအုပ်စု၊ ကွမ်းခြံရွာဆက်သွယ်ထားတဲ့ ဒေသဖွံ့ဖြိုးရေးမြေသားလမ်းကို ဂဝံလမ်း အဖြစ်နဲ့ ခင်းပေးဖို့ အစီအစဉ် ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလမ်းဟာ ရေငန်အုပ်စု၊ ဆင်တလင်းအုပ်စု၊ ကိုင်းတောစုအုပ်စု စတဲ့ အုပ်စုကြီး(၃)ခုက အိမ်ထောင်စု(၂၃၀၀)နဲ့ လူဦးရေ(၁၁၀၀၀၀)ခန့် မှီခိုနေရတဲ့ မြေသားလမ်းမကြီး ဖြစ်ပါတယ်။ မိုးရာသီမှာ သွားလာဖို့ အင်မတန်မှလည်း ခက်ခဲတဲ့လမ်း ဖြစ်ပါတယ်။ ကျွန်တော့် နယ်မြေမှာရှိတဲ့ ကျေးရွာဆက်သွယ်ရေးလမ်းတွေထဲမှာလည်း အဆိုးဆုံးလမ်းလို့ ပြောလို့ရပါတယ် ခင်ဗျား။ လမ်းအကျယ်(၁၀)ပေ၊ အရှည်(၄)မိုင်ခွဲ၊ (၆)လက်မထု ဂဝံခင်းမယ်ဆိုရင် သန်း(၃၀)လောက် ကုန်ကျမယ်လို့ ကျွန်တော်တို့ ဒီလိုပဲ ခန့်မှန်းပါတယ်။ ဒါ ဒီနှစ် ဘတ်ဂျက်ထဲမှာ မဖြစ်နိုင်ပေမယ့်လည်း နောက်နှစ်ရရင် နယ်မြေလူထုက ကျေနပ်ဝမ်းသာကြမှာ ဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဒေသ နယ်မြေလူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခွင့်ရတဲ့အတွက် ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၂။**

**ဦးတင်ငွေ (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ပဏာမအနေနဲ့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးတင်ငွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ထွန်း ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ ဆင်တလင်းကျေးရွာအုပ်စုမှာ အုတ်ဖိုစုရွာနဲ့ ကွမ်းခြံကျေးရွာဆက်သွယ်ထားတဲ့ ကွမ်းခြံ-ကိုင်းတောစု-ဆင်တလင်းလမ်းဟာ အရှည်(၄)မိုင်နဲ့ (၁)ဖာလုံခွဲ ရှိပါတယ်။ မြေသားလမ်း ဖြစ်ပါတယ်။ လက်ရှိ အခြေအနေမှာတော့ ထော်လာဂျီတွေ၊ ဆိုင်ကယ်များ သွားလာပြီးတော့ ကျေးရွာပေါင်း(၇၀)မှာရှိတဲ့

ပြည်သူတွေကို အကျိုးပြုလျက် ရှိပါတယ်။ ကွမ်းခြံ-ကိုင်းတောစု-ဆင်တလင်းလမ်းအရှည်ဟာ (၄)မိုင်နဲ့ (၂)ဖာလုံခန့်ဟာ ဂဝံလမ်းခင်းလို့ရှိရင် ကျွန်တော်တို့ခန့်မှန်း ကုန်ကျငွေ(၈၈.၈)သန်းခန့် ကုန်ကျမယ်လို့ တွက်ချက်ရရှိပါတယ်။

မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၃-၁၄ ယခု ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ လက်ပံတန်းမြို့နယ်အတွင်းမှာပေါ့၊ ဒါတော့ ကျွန်တော်တို့ ဆောင်ရွက်ပေးမယ့် လမ်းကတော့ ကျွန်တော်တို့ ရေကြည်-ပေါက်တောစု ကျောက်ချောလမ်း(၄)ဖာလုံ၊ မြေသားလမ်း(၃)မိုင်နဲ့ (၆)ဖာလုံ၊ နောက်နန်းပလုံးချောင်း တံတား(၁)စင်း၊ (၃၈)ပေအကျယ် အရှည်ရှိပါတယ်။ နောက် ရေပွိုက်(၁)ခု၊ အဲဒါတော့ ကျောက်အိုင် ကျွန်တော်တို့ ညောင်ပင်စုမှာ ရေပွိုက်(၁)ခုနဲ့ ခမုံဆိပ်-ညောင်ပင်စုမှာ ရေပွိုက်(၁)ခု၊ အဲဒီဟာတွေ သတ်မှတ်တဲ့ အဲဒီငွေကြေးကတော့ ကျွန်တော်တို့ ရန်ပုံငွေ(၁၁၃.၈၉၅)သန်း ဒီနှစ်မှာ လျာထားပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ခုနက ကိုယ်စားလှယ်တော်ကြီး တင်ပြမေးမြန်းသွားတဲ့ ကွမ်းခြံ-ကိုင်းတောစု-ဆင်တလင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းကိုတော့ ကျွန်တော်တို့ ဒီနှစ်ဘတ်ဂျက်မှာ လျာထားပေးခြင်း မရှိပါဘူး။

သို့သော်လည်း ကျွန်တော်တို့ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ နောက်တစ်ခါ မြို့နယ်အထောက်အကူပြု ကျွန်တော်တို့ အဖွဲ့များ၊ ကျေးရွာအထောက်အကူပြုအဖွဲ့များကနေပြီးတော့ အမှန်တကယ် ဒါ လိုအပ်ပါတယ်၊ ပြည်သူအတွက် လိုအပ်ပါတယ်ဆိုရင် တွက်ချက်ပြီးတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့မှတစ်ဆင့် ကျွန်တော်တို့ ဆက်လက်ပြီးတော့ ရန်ပုံငွေ ဆက်လက်ပေးဖို့ တောင်းခံရင် ကျွန်တော်တို့ လျာထားဖို့၊ နောက်လာမယ့်(၂)နှစ်အတွက်ကို လျာထားဖို့ ကျွန်တော်တို့ အဲဒီလိုစီမံထားပါတယ်။ ဒီလိုလည်း ကျွန်တော်တို့ တခြားတိုင်းတွေရော၊ တခြား ကျေးရွာလမ်းတွေလည်း မပါတဲ့ဟာတွေကို ကျွန်တော်တို့ ပြန်ပြီးတော့ တွက်ချက်ပြီးတော့ သက်ဆိုင်ရာ အဆင့်ဆင့်သော ထောက်ခံချက်များနဲ့ တိုင်းဒေသကြီးတွေကနေ ဆက်ပြီးပို့ပေးရင် ကျွန်တော်တို့ ရေကိစ္စကိုသော်လည်းကောင်း၊ မီးကိစ္စသော်လည်းကောင်း၊ လမ်းကိစ္စများသော်လည်းကောင်း၊ ကျွန်တော်တို့ အားလုံး ဆက်လက်လျာထားပေးပါတယ်။ ဒီနှစ်မှာတော့ မပါတဲ့အကြောင်း ကျွန်တော် ခုနက ကျွန်တော် တင်ပြသွားတဲ့ လက်ပံတန်းမြို့နယ်အတွင်းမှာဆို ရေကြည်-ပေါက်တောစု အဲဒီလမ်း၊ ခုန တင်ပြပါ (၁၁၃.၈၉)သန်း ပါပါတယ်။ လာမယ့်နှစ်နဲ့ နောက်တစ်နှစ်ပေါ့ ၂၀၁၄-၁၅၊ ၁၅-၁၆ ပေါ့၊ R.E တွေလည်း ရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ဆက်လက်ပြီးတော့ တင်ပြပေးရင်၊ အဆင့်ဆင့်အကြောင်းကြားပေးရင် ကျွန်တော်တို့ လျာထားပြီးတော့ တင်ပြဆောင်ရွက်သွားမှာဖြစ်ကြောင်း လေးစားစွာနဲ့ ကျွန်တော် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)၏ အလုပ်သမား အခွင့်အရေးများကို ပြန်လည်သုံးသပ်၍ အလုပ်သမား ဥပဒေရေးဆွဲရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အဆိုတင်သွင်းခြင်း အစီအစဉ်မှာ အဆို(၃)ခုကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယနေ့ အစီအစဉ် ကျပ်တည်းခြင်းမရှိတဲ့

အတွက် မိနစ်(၂၀)ထက်ပိုပြီးတော့ ဆွေးနွေးချင်လည်း ဆွေးနွေးခွင့် ပြုမှာဖြစ်ပါတယ်။ မိနစ်(၂၀) အတွင်းဝင်အောင် အတင်းအလျှင်အမြန် ပြောကြားခြင်းမပြုဘဲနဲ့ သေချာပီပီပြင်ပြင် ပြောကြားနိုင်ပါတယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် က အလုပ်သမားအခွင့်အရေးများကို ပြန်လည်သုံးသပ်၍ အလုပ်သမားဥပဒေ ရေးဆွဲရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဒေါက်တာမြင့်ကြည် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ်က ဒေါက်တာမြင့်ကြည် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အလုပ်သမားအခွင့်အရေးများကို ပြန်လည်သုံးသပ်၍ အလုပ်သမားဥပဒေ ရေးဆွဲရန် အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ လူဦးရေ(Population)အားဖြင့် အကြမ်းဖျင်း သိရှိရသလောက် (၅၉.၇)မီလီယံရှိကြောင်းကို လေ့လာတွေ့ရှိရပါတယ်။ ဒါ Nearly ကျွန်တော်တို့ သန်း(၆၀)လောက်ပါပဲ။ အဲဒီအထဲမှာမှ တစ်နှစ်တစ်နှစ်ကို ကျွန်တော်တို့က တိုးတက်နေတဲ့ လူဦးရေကတော့ (၁.၁)ရာခိုင်နှုန်း တိုးတက်တယ်ဆိုတာလည်းပဲ လေ့လာတွေ့ရှိရပါတယ်။ အခုလက်ရှိ အနေအထားမှာ ကျွန်တော်တို့ အလုပ်သမားဦးရေကတော့ (၃၀.၅)မီလီယံ၊ (၃၁)သန်းလောက် ကျွန်တော်တို့ ရှိပါတယ်။ ဒါ ခန့်မှန်းခြေ၊ ကျွန်တော် လေ့လာသိရှိရသလောက် တင်ပြခြင်း ဖြစ်ပါတယ်။ အဲဒီအထဲမှာတော့ အများဆုံး အလုပ်သမားဟာ လယ်ယာအလုပ်သမားတွေ ဖြစ်ပါတယ်။ သူကတော့ (၆၀)ရာခိုင်နှုန်း ကျော်ပါတယ်။ စက်မှုကဏ္ဍမှာရှိတဲ့ အလုပ်သမားကတော့ (၁၄)ရာခိုင်နှုန်းလောက် ရှိပါတယ်။ ကျွန်တော်တို့ ကျန်တဲ့ (Service) ဝန်ဆောင်မှုကဏ္ဍမှာတော့ (၂၂)ရာခိုင်နှုန်း ပတ်ဝန်းကျင်လောက် ရှိတယ်ဆိုတာ လေ့လာသိရှိရပါတယ်။ ပြီးတော့ ကျွန်တော်တို့အနေနဲ့ Population ကလည်းပဲ တိုးလာမယ်။ လက်ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကလည်းပဲ ကျွန်တော်တို့ ဝင်ရောက်လာမယ်။ အဲဒီတော့ ကျွန်တော်တို့မှာ ရှိနေတဲ့ အလုပ်သမားဦးရေတွေကလည်းပဲ ပိုပြီးတော့ တိုးပွားလာမယ်။ ဒီအတွက်ကြောင့် အလုပ်သမားတွေနဲ့ သက်ဆိုင်တဲ့ ကဏ္ဍအရပ်ရပ်မှာ ကျွန်တော်တို့ ပြင်ဆင်ထားဖို့၊ အကောင်းဆုံး အနေအထားရောက်အောင် ပြင်ဆင်ထားဖို့ လိုအပ်မယ်ဆိုတာ လေ့လာတွေ့ရှိရပါတယ်။

နောက် ကျွန်တော် အလုပ်သမားတွေနဲ့ ကွင်းဆင်းပြီးတော့ လေ့လာခဲ့တဲ့အခါမှာလည်းပဲ သူတို့ရဲ့ အခွင့်အရေးတွေ၊ ရပိုင်ခွင့်တွေ ရှိသင့်သလောက်ရှိပါတယ်။ ဥပဒေတွေလည်းပဲ ရှိပါတယ်။ ဒီဥပဒေတွေကို ပြန်လည်ပြီးတော့ ကျွန်တော်တို့ လေ့လာမယ်ဆိုလို့ရှိရင် မြန်မာနိုင်ငံကထုတ်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံဥပဒေအတွဲ(၅) Burma Code ဒီအထဲမှာ ရှိပါတယ်။ ဒါ ကျွန်တော်တို့

အသေးစိတ် လေ့လာချင်တဲ့ ပုဂ္ဂိုလ်များရှိရင် လေ့လာလို့ရပါတယ်။ အဲဒီတော့ ဒီအထဲမှာရှိနေတဲ့ ဥပဒေတွေဟာ ပထမ စက်ရုံ၊ အလုပ်ရုံတွေနဲ့ ပတ်သက်တဲ့ ဥပဒေ ၁၉၅၁ ခုနှစ်၊ နောက် ကျွန်တော်တို့ သူတို့ရဲ့ ခွင့်ရက်နဲ့ ပတ်သက်တဲ့ ဥပဒေတွေ ဒါလည်းပဲ ၁၉၅၁ ခုနှစ်လောက်က ဥပဒေတွေ ဖြစ်ပါတယ်။ နောက် သူတို့ရဲ့ Payment နဲ့ Wages သူတို့ရဲ့ ဒီပေးဖို့ အခကြေးငွေနဲ့ဆိုင်တဲ့ ဥပဒေဟာ ၁၉၃၆ ခုနှစ်တုန်းက ဥပဒေတွေ ဖြစ်ပါတယ်ခင်ဗျား။ အဲဒီတော့ ဒီဥပဒေတွေဟာ ကျွန်တော်တို့ ကောင်းတဲ့ဟာတွေ အများကြီးပါဝင်ပါတယ်။ သို့သော်လည်းပဲ ပြင်ဆင်စရာတွေလည်းပဲ အများကြီး လေ့လာတွေ့ရှိရပါတယ်။

ဥပမာတစ်ရပ်အနေနဲ့ ကျွန်တော်တို့ ဒီ ခွင့်ရက်တွေနဲ့ ပတ်သက်ပြီးတော့ တင်ပြရမယ် ဆိုရင် ခွင့်အမျိုးအစားတွေ အမျိုးမျိုးရှိပါတယ်။ ဒီအမျိုးမျိုးကို ဒီပြင် အခြားနိုင်ငံက ဥပဒေတွေကို လေ့လာကြည့်ပါ။ သေသေချာချာ ကျွန်တော်တို့ ခွဲခြားပြီးတော့ ထင်းရှားရှား သူတို့ ဥပဒေတွေမှာ ပြဋ္ဌာန်းထားတယ်ဆိုတာ တွေ့ရှိရမှာပါ။ ကျွန်တော် ဆိုလိုတဲ့ အဓိပ္ပာယ်ကတော့ ဥပမာ - ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ဥပဒေ ဒါ ကျွန်တော်တို့ လူမှုဖူလုံရေးကဏ္ဍမှာပါရင် ပါမှာပါ။ အဲဒီတော့ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ဥပဒေဆိုရင် လုပ်သက်ဘယ်နှစ်နှစ်ဆိုရင် သူတို့က လနဲ့ သွားပါတယ်။ ယခု ကျွန်တော်တို့ အနီးနားမှာရှိတဲ့ နိုင်ငံတွေပင်လျှင် သူတို့က (၃)လဆိုရင် ဒါ သူတို့ ခွင့်ခံစားခွင့်ရှိပြီလို့ ယူဆကြပါ တယ်။ ကျွန်တော်တို့က (၆)လ၊ (၁)နှစ် ဒါလည်းအမျိုးမျိုးကွဲပါတယ်။ အခု (၃)လဆိုရင် ခွင့်ခံစားလို့ ရပြီဆိုတဲ့ နိုင်ငံတွေလည်းပဲ ရှိနေပါတယ်။ ဒါ ကျွန်တော်တို့ အနီးအနား အာဆီယံထဲမှာရှိတဲ့ နိုင်ငံ တွေပါ။ အဲဒီတော့ အဲဒီလို သူ့ရဲ့ Service နဲ့ လိုက်ပြီးတော့၊ သူ့ရဲ့ လုပ်သက်နဲ့ လိုက်ပြီးတော့ ဆေးခွင့် မတင်ဘဲနဲ့ ဖျားနာမှုရှိမယ်။ မကျန်းမာမှုအတွက် ရက်က ဘယ်နှစ်ရက် ခံစားခွင့်ရှိတယ်။ အဲဒီ အထဲက နေပြီးတော့မှ သူ့ရဲ့ လခ၊ သူ့ရဲ့ လစာ ဘယ်လောက်လောက် ခံစားခွင့်ရှိတယ်။ ဒီလို အတိအကျ ရေးထားပါတယ်။ နောက် ဆေးရုံတက်မယ် ဆေးစာနဲ့ ဆိုလို့ရှိရင်လည်းပဲ ခုန လုပ်သက်အလိုက် ဘယ်နှစ်ရက်ခံစားခွင့်ရှိတယ်။ လခက ဘယ်လောက်လောက်ရမယ်။ ဒီလိုအသေးစိတ်တွေ ကျွန်တော်တို့ ရေးထားပြီးတော့၊ ရေးဆွဲထားပြီးတော့ ဥပဒေမှာ ပြဋ္ဌာန်းထားတာတွေ ရှိပါတယ်။ နောက် ကျွန်တော်တို့ ဒီ Traditional Holidays တွေ၊ တစ်နည်းအားဖြင့်တော့ နိုင်ငံက သတ်မှတ်ထားတဲ့ ဒီ အလုပ်ပိတ် ရက်တွေ၊ အဲဒီအလုပ်ပိတ်ရက်တွေမှာ သူတို့ အချိန်ပိုတွေ ဆင်းမယ်၊ အချိန်ပိုတွေ ဆင်းမယ်ဆိုရင် သာမန်အချိန်ပိုဆင်းတဲ့ အခကြေးငွေနဲ့ မတူပါဘူး။ သူတို့ ပြောင်းလဲပြီးတော့ သတ်မှတ်ပါတယ်။ ဒီလိုတွေလည်း ရှိပါတယ်။

ကျွန်တော်တို့ဆီမှာလည်းပဲ ဒီအချိန်ပိုနဲ့ ပတ်သက်ပြီး သတ်မှတ်ထားတာတွေ ရှိပါတယ်။ ကျွန်တော် အသေးစိတ် ဒီဟာကိုတော့ ဒီမှာ ဆွေးနွေးပြီးတော့ မတင်ပြတော့ပါဘူး။ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနက ဒါတွေဟာ အသေးစိတ် ပိုပြီးတော့ သိမှာပါ။ အဲဒီလို ခွဲခြား ပြီးတော့ သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။ ဒီ အချိန်ပိုဆင်းတိုင်းရယ် မဟုတ်ပါဘူး။ နောက် သူတို့ အချိန်ပိုတွေကို ပြန်ပြီး တချို့ တွက်တဲ့အခါမှာ Formula တွေနဲ့၊ ပုံသေနည်းတွေနဲ့ တွက်ပါတယ်။ အဲဒီ ပုံသေနည်းတွေထဲမှာ လုပ်သက်တွေပါမယ်။ အခြား ဒီပြင်ကိစ္စတွေ ပါပါတယ်။ အဲဒီ ပုံသေနည်းနဲ့ လည်းပဲ တွက်ချက်ပြီးတော့ ပြဋ္ဌာန်းထားတာတွေ ရှိပါတယ်။ ဒါ ကျွန်တော်တို့ အာဆီယံနိုင်ငံတွေထဲမှာ ကိုပဲ ယနေ့အချိန်အခါမှာ ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ အလုပ်ကနေပြီးတော့ ကျွန်တော်တို့ ရပ်စဲမယ်။ အလုပ်ကနေ နားမယ်။ အလုပ်က ထွက်မယ်။ အဲဒီလိုဆိုလည်းပဲ သူ့ကို ဘယ်လောက်လောက် သူ့ကို ဒီ သူ့ရဲ့လခ အပေါ် မူတည်ပြီးတော့ ငွေကြေးပေးသွားမယ် ဒါတွေလည်းပဲ တိတိကျကျ ပြဋ္ဌာန်းထားပါတယ်။ ဆိုလိုတာက ဒီကုမ္ပဏီတစ်ခု သူတို့ လုပ်ငန်းတစ်ခုဟာ တည်ထောင်လာတယ်။ တည်ထောင်လာပြီးတော့ တစ်နှစ်အတွင်းမှာ ဒီလုပ်ငန်းကို ဖျက်သိမ်းမယ်။ ဖျက်သိမ်းမယ်ဆိုရင် ဒီဝန်ထမ်းကို ကျွန်တော်တို့က ဘယ်လောက်လောက် သူတို့က ဒီပေးမယ်။ ဒါ အသေမထားပါဘူး။ အဲဒီ လုပ်ငန်းထဲကိုဝင်တဲ့ သက်ဆိုင်ရာ အလုပ်သမားရဲ့ Service သူ့ရဲ့ လုပ်သက်နဲ့ မူတည်ပြီးတော့ ပေးတာတွေ ရှိပါတယ်။ အဲဒီအလုပ်သမားဟာ သူ့ အဲဒီကုမ္ပဏီကနေပြီးတော့၊ အဲဒီလုပ်ငန်းကနေပြီးတော့ ထွက်မယ်။ သူက သူ့ဟာသူ ထွက်မယ်။ သူ့ကို တစ်စုံတစ်ခုကြောင့် ရပ်ဆိုင်းမယ်ဆိုရင်လည်းပဲ ဘယ်လိုပေးမယ်၊ ဘယ်လို သူ့ကို အခကြေးငွေတွေ ပေးရမယ်ဆိုတာ တိတိကျကျ ပြဋ္ဌာန်းထားတာတွေ ရှိပါတယ်။ ဆောင်ရွက်ပါတယ်။

ကျွန်တော်တို့ရဲ့ အရင်တုန်းက ဥပဒေတွေမှာကတော့ ယေဘုယျဆန်ဆန်ပဲ တစ်ခုတည်း၊ ဒါတွေ တစ်ညီတည်း ဆောင်ရွက်ထားတဲ့ကိစ္စရပ်တွေ ရှိပါတယ်။ နောက် ခုနတုန်းက ကျွန်တော် တင်ပြတဲ့ ခွင့်ရက်တွေမှာ ဆိုလို့ရှိရင် လစာမဲ့ခွင့် ကျွန်တော်တို့ ယူမယ်။ ဒီလစာမဲ့ခွင့်ဟာ လုပ်သက် ဘယ်လောက် ဆိုလို့ရှိရင် ပေးမယ်။ သူက လစာမဲ့ခွင့်ဆိုတာ သူ့ရဲ့ အရေးကြီးတဲ့ကိစ္စတွေ ဒါတွေ လည်းပဲ ပြဋ္ဌာန်းထားပါတယ်။ ကျွန်တော်တို့ရဲ့ ဥပဒေတွေထဲမှာ ဒီဟာတွေ မပါပါဘူး။

နောက်တစ်ချက်ကတော့ သက်ဆိုင်ရာ အလုပ်သမားတစ်ယောက်က သူ့ကြောင့် ပစ္စည်း တစ်ခု ပျက်စီးမယ်၊ ချို့ယွင်းမယ်ဆိုရင်လည်းပဲ ဒါ လျော်ကြေးပေးရပါတယ်။ ကျွန်တော်တို့ဆီမှာ လည်းပဲ ရှိပါတယ်။ သို့သော် အဲဒီလျော်ကြေးဟာ သူ သက်ဆိုင်ရာ ဝန်ထမ်းရဲ့ ပေါ့လျော့မှုကြောင့်လား၊ နောက် အခြားအကြောင်းကြောင့်လား အဲဒီအပေါ်မှာ မူတည်စစ်ဆေးပြီးတဲ့ နောက် သူရရှိနေတဲ့ လခရဲ့ (၂၅)ရာခိုင်နှုန်းသော်လည်းကောင်း၊ (၁၀)ရာခိုင်နှုန်းသော်လည်းကောင်း အဲဒီလို သတ်မှတ် ပြီးတော့ ပေးဖို့တွေလည်းပဲ တိတိကျကျ ပြဋ္ဌာန်းထားတာတွေ ရှိပါတယ်။ ကျွန်တော်တို့ဆီမှာတော့ မူလအတိုင်းလျော်ဖို့ စသည်အားဖြင့် ဒီလိုသာလျှင် ကျွန်တော်တို့ ရှိပါတယ်။ ကျွန်တော်တို့ တိတိကျကျ ဆုံးဖြတ်ထားခြင်း၊ ရေးသားထားခြင်းတွေ မတွေ့ရှိရပါဘူး။

ဒါကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတွေ၊ နိုင်ငံခြားရင်းနှီးမြှုပ်မှုတွေ ရောက်လာတဲ့ အခါမှာ ဒီနိုင်ငံခြားသားလုပ်ငန်းရှင်ကြီးများကလည်းပဲ တိကျတဲ့ ဥပဒေတွေကို လိုလားပါတယ်။ ဒီ နိုင်ငံခြား Foreign Direct Investment က ဝင်လာတဲ့ နိုင်ငံခြားသားလုပ်ငန်းရှင်ကြီးများဟာ နိုင်ငံ တကာကို ရောက်ပြီးတော့ နိုင်ငံတကာရဲ့ ဥပဒေတွေ၊ နိုင်ငံတကာမှာရှိနေတဲ့ လုပ်ထုံးလုပ်နည်းတွေ၊ အာဆီယံမှာရှိတဲ့ လုပ်ထုံးလုပ်နည်းတွေ သိရှိပြီးသား ပုဂ္ဂိုလ်ကြီးများသာလျှင် ဖြစ်ပါတယ်။ ကျွန်တော် တို့ထက်ပိုပြီးတော့ သက်ဆိုင်ရာ သူတို့အလုပ်သမားနဲ့ ပတ်သက်တဲ့ ဥပဒေတွေ၊ ကိုင်တွယ် ဖြေရှင်းမှု တွေကို နားလည်သဘောပေါက်ကြပါတယ်။ ကျွန်တော်တို့က လျှော့တွက်လို့ မဖြစ်ပါဘူး။ သူတို့ကို လည်းပဲ သက်ဆိုင်ရာ ဥပဒေတွေနဲ့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်ဖို့လိုပါမယ်။

နောက်တစ်ခုကတော့ အမျိုးသမီးဝန်ထမ်းတွေနဲ့ ပတ်သက်တဲ့ကိစ္စ၊ အမျိုးသမီးဝန်ထမ်း တွေနဲ့ ပတ်သက်တဲ့၊ ဒီအလုပ်သမားတွေနဲ့ ပတ်သက်တဲ့ကိစ္စ၊ အမျိုးသမီးအလုပ်သမားတွေဆိုရင်

ဘယ်လိုနေရာတွေမှာ ကျွန်တော်တို့ တာဝန်ပေးရမယ်။ ဘယ်နေရာတွေကတော့ ဒီအမျိုးသမီးတွေအတွက် တာဝန်မပေးသင့်ဘူး။ ဒါတွေလည်းပဲ ပြဋ္ဌာန်းထားတာ ရှိပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ ကျွန်တော်တို့ရဲ့ အလုပ်သမားဆိုင်ရာ အလုပ်သမားများအတွက် ဥပဒေဟာ ယေဘုယျကျကျ ခုနတုန်းက ကျွန်တော် တင်ပြခဲ့သလိုပဲ အရင့်အရင်တုန်းက ဥပဒေတွေပေါ်မှာ ချိုင့်ပြီးတော့ ဆောင်ရွက်နေတဲ့သဘောလည်းပဲ ရှိပါတယ်။

ဒါကြောင့် တချို့နိုင်ငံတွေမှာ ရှိနေတဲ့ ဥပဒေတွေကို ကျွန်တော်တို့ လေ့လာပြီးတော့ အလုပ်သမားဥပဒေ Labour Act ၊ ဒါမှမဟုတ်လို့ရှိရင် Labour Law သို့မဟုတ်လည်းပဲ ကျွန်တော်တို့ အနီးဆုံးနိုင်ငံဆိုရင် ထိုင်းနိုင်ငံဆိုရင် Labour Protection Act ဆိုပြီးတော့ အလုပ်သမားရဲ့ ကာကွယ်စောင့်ရှောက်ရေးဥပဒေ ဆိုပြီး ပြဋ္ဌာန်းပါတယ်။ ဒါမှမဟုတ်လို့ရှိရင်လည်း Employment Act ဒီလိုပဲ ပြဋ္ဌာန်းပါတယ်။ ကျွန်တော်တို့က အခု တစ်စစီရှိနေတဲ့ ဥပဒေတွေကို ပြန်လည်ပြီးတော့ မွမ်းမံမှာလည်းပဲ ဖြစ်ပါတယ်။ သို့သော် ခုနက အလုပ်သမား ကာကွယ်စောင့်ရှောက်ရေးဥပဒေပဲ ဖြစ်ဖြစ်၊ အလုပ်သမားဥပဒေပဲဖြစ်ဖြစ် တစ်လုံးတစ်ခဲတည်း ပြန်လည်စုစည်းဆောင်ရွက်သင့်ကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)က ဒေါက်တာမြင့်ကြည် တင်သွင်းသွားတဲ့ အလုပ်သမားအခွင့်အရေးများကို ပြန်လည်သုံးသပ်၍ အလုပ်သမားဥပဒေ ရေးဆွဲရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော် ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)က ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ အလုပ်သမား အခွင့်အရေးများကို ပြန်လည်သုံးသပ်၍ အလုပ်သမားဥပဒေရေးဆွဲရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။ [သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် ဒေါက်တာမြင့်ကြည် ရဲ့ အဆိုကို လက်ခံ ဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ အဆင့်မြင့် နည်းပညာတက္ကသိုလ်များ (Centres of Excellence) ပေါ်ပေါက်လာ၍ အရည်အချင်းပြည့်ဝသော နည်းပညာကျွမ်းကျင်သူများနှင့် အင်ဂျင်နီယာများ မွေးထုတ်ပေးနိုင်ရေး လက်တွေ့ကျစွာပုံဖော်မည့် အစီအစဉ် (Realistic Scenario) ဖြင့် အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာ ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် က အဆင့်မြင့်နည်းပညာတက္ကသိုလ်များ (Centres of Excellence) ပေါ်ပေါက်လာ၍ အရည်အချင်း ပြည့်ဝသော နည်းပညာကျွမ်းကျင်သူများနှင့် အင်ဂျင်နီယာများ မွေးထုတ်ပေးနိုင်ရေး လက်တွေ့ကျစွာ ပုံဖော်မည့် အစီအစဉ် (Realistic Scenario)ဖြင့် အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာ ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးမျိုးမြင့် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီးများနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ အဆင့်မြင့်နည်းပညာတက္ကသိုလ်များ (Centres of Excellence) ပေါ်ပေါက်လာ၍ အရည်အချင်း ပြည့်ဝသော နည်းပညာကျွမ်းကျင်သူများနှင့် အင်ဂျင်နီယာများ မွေးထုတ်ပေးနိုင်ရေး လက်တွေ့ကျစွာ ပုံဖော်မည့်အစီအစဉ် (Realistic Scenario)ဖြင့် အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာ ပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့် အဆိုကို တင်သွင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အမှန်တော့ ဒီအဆိုကို ကျွန်တော် သတ္တမပုံမှန်အစည်းအဝေးကို ဖတ်ကြားတင်သွင်းဖို့အတွက် ၂၀၁၃ ခုနှစ်၊

ဩဂုတ်လ ၁၅ ရက်နေ့ကတည်းက တင်ပြခဲ့ပါတယ်။ သို့သော်လည်းပဲ မမီတဲ့အတွက် ကျွန်တော် ခွင့်တောင်းပြီးတော့ ပြန်လည်ရုပ်သိမ်းခဲ့တာ အခု အဋ္ဌမအကြိမ်မြောက် အစည်းအဝေးမှာ တင်ပြခြင်း ဖြစ်ပါတယ်။ ဖတ်ကြားခွင့် အင်္ဂလိပ်ဝေါဟာရ သုံးစွဲခွင့်တို့ကိုလည်း ခွင့်ပြုပေးပါရန် ဥက္ကဋ္ဌကြီးအား တစ်ဆက်တည်း ပန်ကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ ၁၉၆၃ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ် အင်ဂျင်နီယာမဟာဌာန၊ ဗမာ့စက်မှုတက္ကသိုလ် (BIT) ဆင်း မြို့ပြအင်ဂျင်နီယာတစ်ဦး ဖြစ်ပါတယ်။ ဆည်မြောင်းဦးစီးဌာနနဲ့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသီးသီးမှာ ၂၀၁၁ ခုနှစ်အထိ တာဝန်ထမ်းဆောင် လာခဲ့သူဖြစ်လို့ အဆိုပါ လုပ်ငန်းဌာနများမှ တွဲဖက်လုပ်ကိုင်ကြရတဲ့ အင်ဂျင်နီယာများ၊ နည်းပညာ ကျွမ်းကျင်သူများ (Technicians)၊ အကြီးတန်းနည်းပညာကျွမ်းကျင်သူများ (Technologists) ကို အသုတ်လိုက် (By Batch) မွေးထုတ်ပေးခဲ့တဲ့ အရည်အသွေးတွေကို အကဲဖြတ်ခွင့် အစဉ်တစိုက် ရရှိလာခဲ့သူလည်း ဖြစ်ပါတယ်။ အမှန်မှာတော့ ကျွန်တော်တို့ရဲ့ လူငယ်တွေဟာ ပင်ကိုယ်ဉာဏ် အရည်အသွေးညံ့ကြတဲ့သူတွေ မဟုတ်ကြတဲ့အပြင် ယနေ့ IT ခေတ်နှင့်ပါ ယှဉ်၍ ကြီးပြင်းလာခဲ့တဲ့ အလျောက် ၎င်းတို့ရဲ့ ပညာရေးပတ်ဝန်းကျင်ကို လှပစွာ ဖန်တီးပျိုးထောင်နိုင်တဲ့ အခွင့်အရေး အခြေအနေအောက်မှာဆိုရင် အလွန်ထူးချွန်ထက်မြက်ကြမယ့် လူငယ်များဖြစ်နေကြတာ လေ့လာတွေ့ ရှိရပါတယ်။

ယနေ့ ပြည်ထောင်စုအစိုးရဟာ နိုင်ငံတော်အား ဘက်စုံဖွံ့ဖြိုးတိုးတက်စေဖို့ အထူးကြိုးပမ်း အားထုတ်လျက်ရှိတဲ့ ကဏ္ဍပေါင်းစုံအနက်မှာ အခြေခံပညာရေးစနစ်နဲ့ အဆင့်မြင့်ပညာရေးစနစ် များကို နိုင်ငံတကာနဲ့လည်း ရင်ပေါင်တန်းလိုက်ပါနိုင်အောင် အဖက်ဖက်မှ ဦးစားပေးပုံဖော်လျက် ရှိနေတာ တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ အခုအချိန်မှာ နိုင်ငံတကာမျက်နှာစာမှာ မြန်မာနိုင်ငံရဲ့ ပညာရေးပုံရိပ် မလှပသေးဘဲဖြစ်နေတာ တွေ့ရှိနေကြရပါတယ်။ ဆယ်စုနှစ်ပေါင်းများစွာ အဆင့်မြင့် ပညာရေး နောက်ကျကျန်ရစ်နေလို့ ပြည်ပနိုင်ငံများသို့ သွားရောက်ပညာရှာမှီး အလုပ် လုပ်ကိုင်နေကြ ရတဲ့အပေါ်ကို ရှေ့မီနောက်မီ ပညာရှင်ကြီးများ၊ ပညာရေးသုတေသီများကလည်း နေ့စဉ်သတင်းစာ၊ အပတ်စဉ်ထုတ် စာစောင်၊ ဂျာနယ်များမှာ မိမိတို့ ဖြတ်သန်းခဲ့ရတဲ့ ဘဝအတွေ့အကြုံများနဲ့ယှဉ်ပြီး အကြံဉာဏ်ပေး တိုက်တွန်းချက် သတင်းဆောင်းပါးများမှာ တန်ဖိုးရှိလှတဲ့အပြင် များပြားလှတာကို တွေ့ရှိရပါတယ်။ ဆွေးနွေးတင်ပြပါ အကြောင်းအရပ်ရပ်နဲ့ ဆက်နွယ်လာလို့ နည်းပညာဆိုင်ရာ ပညာရေးစနစ် မြင့်မားတဲ့လမ်းကြောင်းမှန်ပေါ် ခရီးသွက်သွက် နှင်စေလိုသော ဆန္ဒအရင်းခံဖြင့် အပြု သဘောဆောင်လျက် ဆွေးနွေးတင်ပြရခြင်း ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုနဲ့ ကြုံကြိုက်လာ၍လည်း မြန်မာနိုင်ငံရဲ့ အင်ဂျင်နီယာပညာရပ် ပို့ချမှုနဲ့ ဆက်စပ်လျက် အဆင့်ဆင့်ဖြစ်ပေါ်လာတဲ့ စက်မှုတက္ကသိုလ်သမိုင်း အကျဉ်းချုပ်ကို တင်ပြခွင့်ပြုပါ။ Slide-1 နဲ့ ကျွန်တော် တင်ပြထားပါတယ်။ ၁၉၂၄ ခုနှစ်မှာ ရန်ကုန် တက္ကသိုလ်အောက်မှာ အင်ဂျင်နီယာဌာန (Department of Engineering) စတင်ဖွဲ့စည်းခဲ့ပါတယ်။ ရန်ကုန်ဆေးရုံကြီးဝင်းအတွင်းမှာ စာသင်ခန်း(၂)ခန်း၊ ကျောင်းသား(၁၇)ဦးနဲ့ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၂၇ ခုနှစ်၊ ရန်ကုန်မြို့ ပြည်လမ်း BOC College ဝင်းအတွင်း ပြောင်းရွှေ့ခဲ့ပါတယ်။ ၁၉၄၆ ခုနှစ်မှာ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးတဲ့နောက် ရန်ကုန်တက္ကသိုလ်လက်အောက် သွတ်သွင်းခဲ့ပြီးတော့ အင်ဂျင်နီယာ

မဟာဌာန (Faculty of Engineering) ဖွဲ့စည်း၍ အောက်ပါပညာရပ်များကို သင်ကြားခဲ့ပါတယ်။ သတ္တုတူးဖော်အင်ဂျင်နီယာ (Mining Engineering)၊ ဓာတုဗေဒအင်ဂျင်နီယာ (Chemical Engineering)၊ သတ္တုဗေဒအင်ဂျင်နီယာ (Metallurgy Engineering)၊ ဗိသုကာပညာရပ် (Architecture)၊ တစ်ခါ ၁၉၅၅ ခုနှစ်မှာ အထည်အလိပ်အင်ဂျင်နီယာ (Textile Engineering)ကို စတင် သင်ကြားခဲ့ပါတယ်။ ၁၉၆၁ ခုနှစ်မှာတော့ ရန်ကုန်တက္ကသိုလ်အောက်က ခွဲထုတ်ပြီးတော့ သီးခြား ဗမာ့ စက်မှုတက္ကသိုလ် (Burma Institute of Technology-BIT)ကို တည်ထောင်ခဲ့ပါတယ်။ ၁၉၆၂ ခုနှစ် ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ (USSR) မှ နှစ်နိုင်ငံချစ်ကြည်ရေး အစီအစဉ်ဖြင့် တည်ဆောက်ခဲ့တဲ့ လက်ရှိစက်မှုတက္ကသိုလ်ကို အင်းစိန်၊ ကြို့ကုန်းသို့ ပြောင်းရွှေ့ခဲ့ပါတယ်။ ၁၉၆၄ ခုနှစ်မှာ Burma Institute of Technology (BIT) မှ Rangoon Institute of Technology (RIT) သို့ အမည် ပြောင်းလဲခဲ့ပါတယ်။ ၁၉၉၀ ပြည့်နှစ် Rangoon Institute of Technology (RIT) မှ Yangon Institute of Technology (YIT)သို့ ပြောင်းလဲခဲ့ပါတယ်။ ၁၉၉၁ ခုနှစ်မှာ မန္တလေးစက်မှုတက္ကသိုလ် (Mandalay Institute of Technology-M.I.T)ကို စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၉၇ ခုနှစ်၊ ပညာရေးဝန်ကြီးဌာနလက်အောက်မှ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန လက်အောက်သို့ ပြောင်းရွှေ့ခဲ့ ပါတယ်။ ၁၉၉၈ ခုနှစ်မှာ ရန်ကုန်စက်မှုတက္ကသိုလ်၊ မန္တလေးစက်မှုတက္ကသိုလ် အမည်များအား ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ် ဟူသော အမည်များကို ပြောင်းလဲခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အုပ်ချုပ်မှုအောက်မှာ အင်ဂျင်နီယာဘွဲ့ (BE) တိုက်ရိုက်တက်ခွင့်ရ တက္ကသိုလ်(၆)ကျောင်း ရှိပါတယ်။ ဇယား(၁)နဲ့ Slide-2 နဲ့ ဖော်ပြထားပါတယ်။ Slide-2 မှာ ကြည့်လို့ရှိရင် ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ် ဒါတွေဟာ ပုံမှန်ဝင်ခွင့်ပါ။ တစ်ခါ ရတနာပုံနည်းပညာတက္ကသိုလ် ပြင်ဦးလွင်မှာ ရှိပါတယ်။ ပုံမှန်ဝင်ခွင့်ဖြစ်ပြီးတော့ လေကြောင်းပညာတက္ကသိုလ် ပုံမှန်ဝင်ခွင့် ရန်ကုန်မှာ ရှိပါတယ်။ အာကာသနဲ့ လေကြောင်းပညာတက္ကသိုလ် ပုံမှန်ဝင်ခွင့် မိတ္ထီလာမှာ ရှိပါတယ်။ မြန်မာ့သတင်းအချက်အလက် နည်းပညာတက္ကသိုလ် သီးခြားဝင်ခွင့်ဟာ မန္တလေးမှာရှိကြောင်းကို Power Point နဲ့လည်း ကျွန်တော်တို့ ပြသထားပါတယ်။ ဒါ့အပြင် ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးမှာ ဖွင့်လှစ်ထားတဲ့ နည်းပညာတက္ကသိုလ် Technical University (၂၉)ကျောင်းကိုလည်း ဇယား(၂) Slide-3 နဲ့ ဖော်ပြထားပါတယ်။ အဲဒီမှာဆိုလို့ရှိရင် ကျွန်တော်တို့ မြစ်ကြီးနား၊ စစ်ကိုင်း၊ ကျောက်ဆည်၊ ကလေး၊ မုံရွာ၊ ပခုက္ကူ၊ မကွေး၊ စစ်တွေ၊ မိတ္ထီလာ၊ ရမည်းသင်း၊ ပြည်၊ ဟင်္သာတ၊ ပုသိမ်၊ မအူပင်၊ ဗန်းမော်၊ မန္တလေး၊ လားရှိုး၊ လွိုင်လင်၊ ကျိုင်းတုံ၊ အေးသာယာ၊ လွိုင်ကော်၊ တောင်ငူ၊ မှော်ဘီ၊ ဘားအံ၊ မော်လမြိုင်၊ သန်လျင်၊ လှိုင်သာယာ၊ ထားဝယ်နဲ့ မြိတ် စသည်ဖြင့် နည်းပညာတက္ကသိုလ် စုစုပေါင်း (၂၉)ကျောင်းကို ကျွန်တော် ဒေသအလိုက် ဖော်ပြထားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

တစ်ခါ အစိုးရနည်းပညာကောလိပ် (GTC) ကျောင်းများကိုလည်း BE ပေါင်းကူးအတွက် ရည်ရွယ်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဇယား(၃) Slide-4 နဲ့ ဖော်ပြထားပါတယ်။ ဒါတွေကတော့ ကျွန်တော်တို့ မြင်းခြံ၊ ရွှေဘို၊ ကန့်ဘလူ၊ မိုးညှင်းဒေသ တို့မှာဖြစ်ကြောင်း ပုံမှာကြည့်ရင် တွေ့ရှိရပါမယ်။ တစ်ဆက်တည်းလည်း ပြည်နယ်နဲ့ တိုင်းဒေသကြီးများမှာ ဖွင့်လှစ်ထားရှိတဲ့ အစိုးရစက်မှုလက်မှုသိပ္ပံ (GTI) ကျောင်းများကိုလည်း ဇယား(၄) Slide-5 နဲ့ ဖော်ပြထားပါတယ်။ အဲဒါတွေကတော့ ကျွန်တော်တို့

သံတွဲ၊ ဂန့်ဂေါ၊ ချောက်၊ ရေနံချောင်း၊ ကျောက်ပန်းတောင်း၊ ဝါးခယ်မ၊ သရက်၊ ဟားခါး၊ ပူတာအို၊ ခန္တီး ဆိုပြီးတော့ ပုံမှန်ဝင်ခွင့် (၂)ကျောင်းနဲ့ သီးခြားဝင်ခွင့် (၈)ကျောင်းကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဖော်ပြပါ သိပ္ပံနှင့် နည်းပညာတက္ကသိုလ်များ ဤမျှများပြားစွာ ဖွင့်လှစ်ပေးခဲ့ခြင်းမှာ ယခင်အစိုးရအနေနဲ့ နိုင်ငံတော်က တတ်သိနားလည်ပညာ ကျွမ်းကျင်သူနှင့် အင်ဂျင်နီယာပညာရှင်များ မွေးထုတ်နိုင်ရေးနဲ့ အတူ နိုင်ငံအနှံ့ ဒေသများအတွင်း စရိတ်စက သက်သာစွာနဲ့ ပြည်သူများ အထက်တန်းပညာသင်ယူ နိုင်ခွင့် ဒေသဖွံ့ဖြိုးမှု အခွင့်အလမ်းများ၊ ရရှိခံစားစေနိုင်ရန် ရည်ရွယ်ဆောင်ရွက်ပေးခဲ့တာလို့ ဆိုရမှာ ဖြစ်ပါတယ်။ သို့ရာတွင် မြန်မာနိုင်ငံဟာ ယနေ့အချိန်အခါမှာ အရည်အသွေး မြင့်မားစွာဖြင့် နိုင်ငံ တကာနှင့် ယှဉ်ပြိုင်လိုက်ပါနိုင်ဖို့ လိုအပ်လာတဲ့အလျောက် နိုင်ငံ့ဖွံ့ဖြိုးမှုအတွက် အဓိကကျတဲ့ လူ့ စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရန်ဖြစ်တယ်လို့ ယူဆပါတယ်။ ညှိနှိုင်းအဖြေရှာထားသော မှန်ကန်တဲ့အောင်မြင်ဖို့ တစိုက်မတ်မတ် သွားသင့်တဲ့လမ်းကြောင်းကို အကောင်အထည်ဖော် အသုံးပြု သွားရန် လိုအပ်မယ်လို့ ကျွန်တော် သုံးသပ်လိုခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အင်ဂျင်နီယာနဲ့ နည်းပညာဆိုင်ရာ ပညာရေး စနစ်ကို အချိန်ကာလအလိုက် အုပ်ချုပ်မှုတာဝန်ခံများ ပြောင်းလဲလာသော ဖြစ်စဉ်များကို အပိုင်း (၄)ပိုင်းခွဲ၍ ကျွန်တော့်အား ဆွေးနွေးခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ပထမပိုင်းမှာ Power Point Slide-6 ဖြင့် ဖော်ပြထားတဲ့အတိုင်း ၁၉၉၆-၁၉၉၇ ခုနှစ်မတိုင်မီ ပညာရေးဝန်ကြီးဌာနမှ တာဝန်ယူ ကျင့်သုံးခဲ့တဲ့ ပညာရေးစနစ်ကို တင်ပြလိုပါတယ်။ အဆိုပါအချိန်ကာလ ရန်ကုန်စက်မှုတက္ကသိုလ်နှင့် မန္တလေးစက်မှုတက္ကသိုလ်တို့ ဖွင့်လှစ်ထားရှိပါတယ်။ (၁၀)တန်းစာမေးပွဲမှာ ရမှတ်မြင့်သူများ သို့မဟုတ် သတ်မှတ်အောင်မှတ် ပြည့်မီသူများကို အဆိုပါ စက်မှုတက္ကသိုလ်များသို့ (၆)နှစ်ကြာ သင်တန်းအဖြစ် တက်ရောက်ခွင့်ပြုပြီးတဲ့နောက်မှာ BE ဘွဲ့ပေးအပ်ပါတယ်။ တစ်ဖက်တွင်လည်း (၁၀)တန်းအောင် ရမှတ်နည်းသူများနဲ့ ပညာထူးချွန်၍ အောင်ရမှတ် မြင့်မားသော်လည်း စီးပွားရေး မလိုက်နိုင်မှု ဒါမှ မဟုတ် ၎င်းတို့ဆန္ဒအရ စက်မှုလက်မှုသိပ္ပံ (AGTI) သို့ တက်ရောက်ကြတာ တွေ့ရှိရ ပါတယ်။ AGTI အောင်မြင်သူများအနက် ထူးချွန်သူအချို့ကို ရာခိုင်နှုန်း အကန့်အသတ် ဥပမာ (၅)ရာခိုင်နှုန်း စသည်ဖြင့် နည်းပညာတက္ကသိုလ်များ (YIT) နဲ့ (MIT) သို့ ပေါင်းကူးအဖြစ် BE ဘွဲ့ ရယူနိုင်ရန် တက်ရောက်ခွင့်ပြုခဲ့တဲ့ အစဉ်အလာကို တွေ့ရှိကြရမှာ ဖြစ်ပါတယ်။ အဆိုပါ ပညာရေး စနစ်အောက်မှ အရည်အချင်းပြည့်မီတဲ့ BE ဘွဲ့ရ အင်ဂျင်နီယာများနှင့်အတူ ပြင်ပလုပ်ငန်းဌာနများ အတွက် အသုံး တည့်သော AGTI ဒီပလိုမာ လက်မှတ်ရ ကျွမ်းကျင်သူများ (Technicians) များကိုလည်း မွေးထုတ် ပေးနိုင်ခဲ့ပြီးဖြစ်လို့ နိုင်ငံတော်၏ ဖွံ့ဖြိုးမှုစီမံကိန်းလုပ်ငန်းကြီးများမှာ ယနေ့သက်ပြည့် အငြိမ်းစားယူပြီး နောက်တွင်ပင် အတွေ့အကြုံနှင့် အရည်အချင်းပေါင်းစပ်ပြီး ပါဝင်လုပ်ကိုင်လျက် ရှိနေတာ နေရာ အတော်များများမှာ တွေ့ရှိကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယပိုင်းအနေနဲ့ Slide-7 ဖြင့် ဖော်ပြထားတဲ့အတိုင်း ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၁ ခုနှစ် အချိန်ကာလအတွင်း ရန်ကုန်စက်မှုတက္ကသိုလ်ကို YIT မှ YTU ၊ မန္တလေးစက်မှု တက္ကသိုလ် ကို MIT မှ MTU အမည်များ ပြောင်းလဲခဲ့သော်လည်း BE Course သင်တန်းများကို ဖွင့်လှစ်ပေးခြင်း မရှိတော့ဘဲ ရပ်ဆိုင်းထားခဲ့ကြောင်း သိရှိရပါတယ်။ အရှေ့ပိုင်း Slide-3 တို့၊ 4 တို့၊ 5 တို့ ဖြင့် ဖော်ပြ ခဲ့တဲ့အတိုင်း ပြည်နယ်နှင့် တိုင်းဒေသကြီး အနှံ့အပြားမှာ နည်းပညာတက္ကသိုလ် နှစ်စဉ် တိုးချဲ့ဖွင့်လှစ်

ခဲ့ရာမှာ၊ (၂၉)ကျောင်းနဲ့ (GTC) ကျောင်း (၅)ကျောင်း၊ အစိုးရစက်မှုသိပ္ပံ (GTI) ပုံမှန်ဝင်ပေါက်ကျောင်း (၁၀)ကျောင်းတို့ကို ဖွင့်လှစ်ထားပြီး ဖြစ်တယ်ဆိုတာလည်း ကျွန်တော် ရှင်းလင်းခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါ ၂၀၀၀ ပြည့်နှစ်မှ နောက်ပိုင်း (၁၀)တန်းစာမေးပွဲမှာ (၆)ဘာသာ အောင်ရမှတ် (၃၂၀) နှင့်အထက်ရရှိသူများသည် BE ဘွဲ့အတွက် ရည်မှန်းချက်ရှိပါက ဦးစွာ AGTI သင်တန်း(၂)နှစ် တက်ရပါမယ်။ ၎င်းနောက် AGTI ဒီပလိုမာမှာ အမှတ်ကောင်းသူ ရာခိုင်နှုန်း အတော်များများကို B.Tech နည်းပညာဘွဲ့သင်တန်းကို (၂)နှစ်တက်ရောက်ရပါမယ်။ တစ်ခါ စာမေးပွဲ အမှတ်ကောင်းသူသာလျှင် BE ဘွဲ့အတွက် နောက်ထပ် (၁)နှစ် တက်ရောက်နိုင်ခွင့်ရှိခြင်းကြောင့် စုစုပေါင်း(၅)နှစ် Course ဖြစ်ပါတယ်။ ဖော်ပြပါ (၅)နှစ်ဖြင့် အောင်မြင်ပေါက်မြောက်သူများသည် Diploma လက်မှတ် (၁)ခု၊ B.Tech ဘွဲ့(၁)ခုနှင့် BE ဘွဲ့(၁)ခု စုစုပေါင်း(၃)ခု ရရှိမည် ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးခဲ့တဲ့ အင်ဂျင်နီယာပညာရေးစနစ်ဟာ နည်းပညာကျွမ်းကျင်သူ AGTI Technican မှစ၍ ကြားကာလတွင် အကြီးတန်းနည်းပညာကျွမ်းကျင်သူ B.Tech-Technologist နှင့် အင်ဂျင်နီယာ B.E တို့ဖြင့် အဆုံးသတ်သော (၅)နှစ်သင်တန်း ဖြစ်တာကို တွေ့ရှိကြရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖော်ပြပါ အင်ဂျင်နီယာပညာရေးစနစ်ဟာ လက်တွေ့အသုံးချရေးအပိုင်းကို ဦးစားပေးသင်ကြားရမည့် သင်ရိုးညွှန်းတမ်းအောက်မှာ (၁၀)တန်း အောင်ပြီးသည်မှ နည်းပညာကျွမ်းကျင်သူ လမ်းကြောင်းဖြင့် နိုင်ငံ့လိုအပ်ချက်ဖြစ်တဲ့ အလယ်အလတ် ပညာရှင်များကို မွေးထုတ်ပေးဖို့ လိုပါတယ်။ ဒါ့အပြင် နိုင်ငံတကာနှင့် ရင်ပေါင်တန်း လိုက်ပါနိုင်အောင် နိုင်ငံတော်ဖွံ့ဖြိုးမှု အခြေခံအဆောက်အအုံ ထူထောင်ရေးအခန်းကဏ္ဍအတွက် အဆင့်မြင့်တွေးခေါ်နိုင်မှု အထောက်အကူပြု Theory ပိုင်း၊ ဒီဇိုင်းပညာရပ်ပိုင်းနှင့်အတူ အထိုက်အလျောက် လက်တွေ့ကျင့်သုံးနိုင်ကြမယ့် အရည်အချင်းပြည့်မီတဲ့ အင်ဂျင်နီယာပညာရှင်များ မွေးထုတ်နိုင်ရန်မှာ ကျွန်တော် ဆွေးနွေးတင်ပြခဲ့တဲ့ နည်းပညာ ကျွမ်းကျင်ပညာရှင်များ (Technicians/ Technologists) အတွက် ပြုစုထားတဲ့ သင်ရိုးညွှန်းတမ်းများနှင့် ရောထွေးကျင့်သုံးနိုင်ရန် မဖြစ်နိုင်ပါလို့ သုံးသပ်ယူဆပါတယ်။ သဘာဝလည်း ကျနမှု မဟုတ်ပါလို့လည်း ဆိုရမည် ဖြစ်ပါတယ်။ မရ ရအောင်လုပ်သည့် သဘောဆောင်လျှင် ထွက်ပေါ်လာမည့် ရလဒ်ဟာ နိုင်ငံတော် အတွက် ထိရောက်အကျိုးရှိမည်လို့ မခံယူပါ။ မယူဆပါ။ ရှေးယခင်ခေတ်များက မွေးထုတ်ပေးခဲ့တဲ့ အရည်အချင်း ပြည့်ဝတဲ့ အင်ဂျင်နီယာများ၊ နည်းပညာကျွမ်းကျင်သူများအတွက် သီးခြားစီ သတ်မှတ်ထားတဲ့ သင်ရိုးညွှန်းတမ်းများက သက်သေခံနိုင်မည်ဖြစ်တယ်ဆိုတာ တင်ပြလိုပါတယ်။ ရည်ရွယ်ချက်ချင်းမတူညီဘဲ ကွဲပြားခြားနားတဲ့ သဘာဝဖြစ်တဲ့အတွက် ဒုတိယပိုင်းအဖြစ် ဆွေးနွေးခဲ့တဲ့ အင်ဂျင်နီယာပညာရေးစနစ်ဟာ နိုင်ငံတကာနှင့် ယှဉ်တွဲလိုက်ပါနိုင်ရန် မဖြစ်နိုင်တဲ့အပြင် ဆယ်စုနှစ်များအတွင်းမှာ အာဆီယံနိုင်ငံများအကြား နောက်ကျ ကျန်ရစ်နေပြီဖြစ်တယ် ဆိုတာကို တွေ့ရှိကြရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယပိုင်းအနေနဲ့ slide-8 မှာ ပြသထားတဲ့အတိုင်း ၂၀၁၂ ခုနှစ် ဝန်းကျင်မှာ လက်ရှိ ပြည်ထောင်စုအစိုးရ၏ မူအားဖြင့် ခွင့်ပြုသဘောတူထားတယ်လို့ သိရှိထားတဲ့ အင်ဂျင်နီယာပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး ဖြစ်ပါတယ်။ ရန်ကုန်နည်းပညာတက္ကသိုလ် (YTU) နှင့် မန္တလေးနည်းပညာတက္ကသိုလ် (MTU) ကျောင်းများကို အဆင့်မြင့်နည်းပညာတက္ကသိုလ်များ (Centres of Excellence) အဖြစ် ကနဦးတွင် သတ်မှတ်လျက်(၁၀)တန်းစာမေးပွဲမှာ စုစုပေါင်း

ရမှတ်(၄၅၀)နဲ့အထက် ရရှိသူများကို တိုက်ရိုက် BE ဘွဲ့ (၆)နှစ်သင်တန်းသို့ တက်ရောက်ခွင့်ပြုရန်နှင့် အရည်အချင်းပြည့်ဝသော အင်ဂျင်နီယာများ မွေးထုတ်ရန် ရည်ရွယ်ချက်ဖြင့် သင်တန်းများကို ပြန်လည်ဖွင့်လှစ်လာခဲ့တာ အားလုံးသိရှိကြပြီး ဖြစ်ပါတယ်။ ဒါ့အပြင် (၁၀)တန်းစာမေးပွဲမှာ စုစုပေါင်း ရမှတ်(၃၆၀) အထက်ရရှိသူများကို GTC နှင့် အခြားနည်းပညာတက္ကသိုလ်များ သင်တန်းတက်ရောက်စေရန် ဖြစ်တယ်လို့ သိရပါတယ်။ ခြုံငုံပြီး ဆွေးနွေးတင်ပြရပါလျှင် ကျွန်တော် ပထမပိုင်းအနေနဲ့ ဆွေးနွေးထားခဲ့တဲ့ ၁၉၉၆-၉၇ ခုနှစ်မတိုင်မီ ယခင် ပညာရေးဝန်ကြီးဌာန လက်အောက်မှာ ကျင့်သုံးခဲ့တဲ့ အင်ဂျင်နီယာပညာရေးစနစ်ပုံစံနှင့် အသွင်သဏ္ဍာန်တူကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။ အရင်ရန်ကုန်နှင့် မန္တလေးစက်မှုတက္ကသိုလ်များ ပိတ်ထားခြင်း အချိန်ကာလကြာခဲ့သည်မှ ယနေ့ ပြည်ထောင်စုအစိုးရရဲ့ စိတ်စေတနာ မှန်ကန်စွာ ပြုပြင်ပြောင်းလဲ လိုက်လျော့လာမှုကို သိရှိကြရလို့ ရှေ့ပိုင်း/နောက်ပိုင်းခေတ် အင်ဂျင်နီယာလောကသားများဟာ ဝမ်းမြောက်ဝမ်းသာဖြင့် ကြိုဆိုခဲ့ကြရပါတယ်။ ယင်းအချိန်က နိုင်ငံတော်သမ္မတကြီးနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဌာနတို့ကို ကျေးဇူးတင်မဆုံး ရှိခဲ့ကြတာကိုလည်း သိရှိရပါတယ်။ ပြည်သူတစ်ရပ်လုံးကလည်း ကောင်းချီးသြဘာ ထောပနာပေးခဲ့ကြတယ်ဆိုတာကို ကျွန်တော် တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ဆွေးနွေးတင်ပြမှုမှာ ဖွင့်လှစ်ထားပြီးတဲ့ နည်းပညာတက္ကသိုလ်များ (Technical/Technology University) များမှ အချို့ကို ပိတ်ပစ်ရန် ဒါမှမဟုတ် အဆင့်လျှော့ချရန် လုံးဝရည်ရွယ်တင်ပြခြင်း မဟုတ်ပါ။ Techniciansနှင့် Technologists များ မွေးထုတ်နိုင်ရန်ကိုသာ ထောက်ပြဆွေးနွေးခြင်းဖြစ်ပါတယ်။ AGTI စာမေးပွဲမှာ အမှတ်ကောင်းသူများကို ရာခိုင်နှုန်းတစ်ခုခု သတ်မှတ်ပြီးတော့ B.E သင်တန်းကို တက်ရောက်နိုင်ရန် ပေါင်းကူးတံတား ခွင့်ပြုထားပါတယ်။ B.E ဘွဲ့ ရရှိရန်အတွက် AGTI ရမှတ်ကောင်းဖြင့် ဝင်ခွင့်/တက်ခွင့်ရသူဟာ Orientation အတွက်(၁)နှစ်နှင့် B.E Course ရဲ့ နောက်ဆုံး(၃)နှစ် စုစုပေါင်း(၄)နှစ် တက်ရောက်ရန် လိုအပ်မှာ ဖြစ်ပါတယ်။ အရင်ကလည်း ဒီစနစ်ကို အောင်မြင်စွာ ကျင့်သုံးနိုင်ခဲ့တာ အားလုံးအသိဖြစ်ပါမယ်။ Technicians/ Technologists တို့ဟာ တြိဂံ (Triangle) တစ်ခုရဲ့ အခြေပိုင်း (Base) ဖြစ်ပြီးတော့ Engineer ဟာ တြိဂံရဲ့အပေါ်ပိုင်းအနေဖြင့် လိုအပ်ချက်အရ အဖျားရှူးသွားတဲ့ အချိုးအစားဖြစ်နေရန် လိုအပ်ပါတယ်။ ပိရမစ်ပုံစံ ဖြစ်ရပါမယ်။ ဆိုလိုသည်မှာ နိုင်ငံတော်ရဲ့ဖွံ့ဖြိုးမှု အခြေခံအဆောက်အအုံများ (Infrastructures) အကောင်အထည်ဖော်ရာမှာ အထူးလိုအပ်တဲ့ အရည်အချင်းပြည့်ဝပြီး အဆင့်မီစွာ လက်တွေ့ကျကျပါဝင်နိုင်ကြမယ့် Technicians/Technologists အမျိုးအစားများရမယ်ဆိုတာပါပဲ။ ခြုံငုံသုံးသပ်ရပါလျှင် ဤတတိယပိုင်း ဆွေးနွေးတင်ပြ ပုံဖော်မှုအစီအစဉ် (Scenario) ဟာ ပြည်ထောင်စုအစိုးရအဖွဲ့မှလည်း မူအားဖြင့် သဘောတူထားသည် ဟု သိရှိနားလည်ထားတဲ့အပြင် ကျွန်တော်တို့နိုင်ငံရဲ့ အစဉ်အလာရှိခဲ့တဲ့ ရှေးယခင်က ကျင့်သုံးစနစ်နဲ့လည်း အံဝင်ဂွင်ကျရှိတယ်လို့ယူဆလို့ လက်တွေ့လိုက်နာကျင့်သုံးသင့်တယ်လို့ သုံးသပ်အကြံပြုလိုခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ စတုတ္ထပိုင်းနောက်ဆုံးအနေနဲ့ ၂၀၁၃-၁၄ ခုနှစ် မှာ လက်ရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တစ်ဖန်အင်ဂျင်နီယာပညာရေးစနစ်ကို ပြင်ဆင်ပြောင်းလဲကြောင်းနှင့် နည်းပညာတက္ကသိုလ်များသို့ ဝင်ရောက်ပညာသင်ကြားခွင့် လမ်းညွှန်ချက်များပင်

ထုတ်ပြန်ထွက်ရှိနေကြောင်း လေ့လာသိရှိရတဲ့အတွက် ဝမ်းနည်းဖွယ်ရာအဖြစ် ပြန်လည်ကြုံတွေ့ရတာကို ဆွေးနွေးတင်ပြလိုပါတယ်။ ဆက်စပ်တာဝန်ရှိသူများ၊ သက်ဆိုင်ရာပညာရေး နယ်ပယ်မှ အတွေ့အကြုံရှိသူများနှင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းဆုံးဖြတ်ခြင်း ရှိ/မရှိ ကျွန်တော် မသိပါ။ လက်ရှိဆောင်ရွက်မယ့် အစီအမံများဟာ ကျွန်တော်ဒုတိယပိုင်းအဖြစ် ဆွေးနွေးခဲ့တဲ့နှစ် ၂၀၁၀ ခုနှစ်မှ ၂၀၁၁ ခုနှစ်ကာလ ပုံဖော်မှုအစီအစဉ်အတိုင်းပင် ဖြစ်နေတယ်လို့ ယူဆပါတယ်။ သဘောသဘာဝတူဖြစ်တဲ့အတွက် အချိန်ငဲ့ညှာသောအားဖြင့် အသေးစိတ်ဆွေးနွေးခြင်း မပြုတော့ပါ။ ရာဇဝင်ဘီး တစ်ပတ်ပြန်လည်သည်မှာ ယခင်က ထူးခြားစွာ အောင်မြင်မှုရရှိခဲ့ပါက မပြောလိုသော်လည်း ထွက်ပေါ်လာတဲ့ရလဒ်ဟာ ကျေနပ်ဖွယ်ရာအဆင့် မဟုတ်ပါလို့ ကျွန်တော် သုံးသပ်ပြခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ အင်ဂျင်နီယာပညာရေးစနစ်ကို ကောင်းနိုးရာရာ ပြင်ဆင်ပြောင်းလဲ ဆောင်ရွက်လျက်ရှိနေမှုဟာ စေတနာကောင်းဖြင့် လုပ်ဆောင်ချက်များဖြစ်မည်မှန်သော်လည်း ယနေ့ နိုင်ငံရဲ့အနာဂတ် တောက်ပြောင်လာမည့် မီးခဲပြာဖုံးလူငယ်များကို ပညာရေးစမ်းသပ်ခံစနစ်အောက်မှ ရုန်းထွက်နိုင်စေရန် ကြိုးဆလုပ်ဆောင်ဖို့ လိုအပ်တယ်ဆိုတာ သုံးသပ်လိုပါတယ်။ တစ်ဖက်တွင်လည်း ကျွန်တော်တို့ တက္ကသိုလ်/ကောလိပ်ခေတ်ကရှိခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ကောင်စီဟာ လုပ်ထုံးလုပ်နည်းတွေနဲ့ တက္ကသိုလ်ပညာရေးစနစ်ကို ထိန်းကျောင်းပုံဖော်ခဲ့တာဟာ မည်သည့်အခြေခံအပေါ် မှီငြမ်းကိုးကားသည် ကျွန်တော် တပ်အပ်မပြောနိုင်ပါ။ ဥပမာ-တက္ကသိုလ်များ စီမံခန့်ခွဲမှုဆိုင်ရာဥပဒေ၊ နည်းဥပဒေများ သို့မဟုတ် University Statute အရကျင့်သုံးခဲ့တယ်လို့ ယူဆပါတယ်။ ဒါကြောင့် ယနေ့ခေတ်အချိန် လွှတ်တော်အရပ်ရပ် ပေါ်ပေါက်လျက်ဥပဒေများ ပြဋ္ဌာန်းခြင်းကိစ္စအဝဝ ဆောင်ရွက်နေတာမို့ ကျွန်တော် တင်ပြခဲ့တဲ့ အင်ဂျင်နီယာပညာရေးစနစ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ မရှိသေးသော်လည်း ရှိအောင်ပြုလုပ်ခြင်း၊ ရှိပြီးဖြစ်၍ ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် လိုအပ်လျှင်လည်း လိုအပ်သလို ဆောင်ရွက်၍ University Statute အောက်မှာ အကောင်အထည်ဖော် ဆောင်ရွက်သင့်ပြီ ဖြစ်ပါတယ်။ ယခုမူ ကျွန်တော်ဆွေးနွေးခဲ့တဲ့ တတိယပိုင်း ၂၀၁၂-၂၀၁၃ ခုနှစ်အပေါ် ပြည်ထောင်စုအစိုးရမှလည်း လက်ခံသဘောတူညီထားတယ်လို့ နားလည်သိရှိထားသော ပထမနှစ် နည်းပညာတက္ကသိုလ် သင်တန်းများသို့ တက်ရောက်သင်ကြားနေတဲ့ ကျောင်းသား/ကျောင်းသူများရဲ့ ကြုံတွေ့ရမယ့် အခက်အခဲများကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်မယ်လို့ ယူဆပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဇာတ်ရည်လည်အောင် ရှင်းပြချင်တဲ့အတွက် ကျွန်တော် နိဂုံးချုပ်ပါတော့မယ်ခင်ဗျား။ ကျွန်တော်ဟာ ယခုကဲ့သို့ အင်ဂျင်နီယာပညာရေးစနစ်ပုံဖော်လာမှုအဆက်ဆက်အပေါ် ဆွေးနွေးတင်ပြနေခြင်းဟာ ခေတ်နှင့်အညီ လိုက်ပါဆောင်ရွက်လျက်ရှိကြတဲ့ အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လက်ရှိ ဆရာကြီးများ/ဆရာမကြီးများ၊ ပြင်ပမှ နိုင်ငံ့ကောင်းကျိုးလိုလားသူ သုတေသီပညာရှင်များထက် ပိုမိုတတ်ကျွမ်းသိနားလည်တဲ့ အယူအဆနဲ့ဆွေးနွေးတင်ပြခြင်း မဟုတ်ပါ။ ဤပညာရေးနယ်ပယ်တွင်လည်း ဖြတ်သန်းကျင်လည်ခဲ့သူ မဟုတ်ပါ။ ဒါပေမဲ့ မိမိဖြတ်သန်းခဲ့ရသော ခရီးရှည် အင်ဂျင်နီယာဘဝ၊ ဝန်ထမ်းဘဝတစ်လျှောက် ဆက်ဆံကြုံတွေ့ခဲ့ရတဲ့ အင်ဂျင်နီယာမျိုးဆက်များရဲ့ ပညာသင်ကြားမှုဆိုင်ရာ ပကတိအခြေအနေအရပ်ရပ်နဲ့ဆက်စပ်ပြီးတော့ မိမိလက်လှမ်းမှီသမျှ လေ့လာတွေ့ရှိချက်များအပေါ် ဉာဏ်မှီသမျှ ကြိုးစားဆွေးနွေး

သုံးသပ်ရခြင်းသာ ဖြစ်ပါတယ်။ ဒါကြောင့် တစ်ဆက်တည်းလည်း ခြုံငုံလျက် Slide-10 ဖြင့် ဖော်ပြထားတဲ့ လက်တွေ့ဖြစ်နိုင်ခြေရှိမည်ယူဆတဲ့ အကြံပြုအင်ဂျင်နီယာပညာရေးစနစ်ပုံဖော်မှု (Proposed Scenario) ကိုလည်း ကျွန်တော့်အမြင် အယူအဆအပေါ် အခြေခံလျက် တင်ပြအပ်ပါတယ်။

Flow Diagram (slide-10) ကိုကြည့်လို့ရှိရင် (၁)အချက် Engineer အချိုး၊ Technologist အချိုး၊ Technician အချိုးဟာ ၁း၄း၁၂ ခန့်သာ ရှိသင့်ပြီးတော့ ဒီအချိုးဟာ စက်မှုနိုင်ငံထူထောင်နိုင်တဲ့ အချိုးဖြစ်ကြောင်း သုံးသပ်တင်ပြလိုပါတယ်။ ဒုတိယကတော့ Engineer/ Technologist/ Technician လိုင်းများ ပီပီပြင်ပြင် ကွဲထွက်သွားနိုင်တဲ့ ဒါ (Scenario) ဖြစ်ပါတယ်။ (၃)အချက်ကတော့ B.E ပေါင်းကူးကျောင်းသူ/ကျောင်းသားများ YTU/ MTU (Centres of Excellence) များမှာ လက်ခံခြင်းကြောင့် နည်းပညာတက္ကသိုလ်များမှာ Technician/ Technologist သင်တန်းများသာ ရှိမည် ဖြစ်ပါသည်။ (၄)ကတော့ B.Tech သင်ရိုးညွှန်းတမ်းသည် တကယ်တော့ Advanced Technician Diploma သင်တန်းအဆင့်သာ ဖြစ်သင့်ပြီးတော့ လက်ရှိ AGTI သင်ရိုးညွှန်းတမ်းကို ဆက်လက် အသုံးပြုမည်ဖြစ်တဲ့အတွက် B.Tech အတွက် သင်ရိုးညွှန်းတမ်းဆွဲရန် နောက်ထပ်(၁)နှစ်စာသာ ဆွဲရမှာဖြစ်တဲ့အတွက် လွယ်ကူကြောင်းကို တွေ့ရှိရပါတယ်။ (၅) ပြည်ထောင်စုလွှတ်တော်သို့ မကြာမီ တင်သွင်းမယ့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေကြမ်း (Draft) ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမည့် M.Tech ဘွဲ့၏ အဆင့်အတန်း သတ်မှတ်ချက်ပါရှိရန် ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အဆင့်မြင့်နည်းပညာတက္ကသိုလ်များ (Centres of Excellence) ပေါ်ပေါက်လာပြီးတော့ အရည်အချင်းပြည့်ဝတဲ့ နည်းပညာကျွမ်းကျင်သူများနှင့် အင်ဂျင်နီယာများမွေးထုတ်ပေးနိုင်ရေး လက်တွေ့ကျစွာ ပုံဖော်မည့် အစီအစဉ် (Realistic Scenario) ဖြင့် အင်ဂျင်နီယာနည်းပညာဆိုင်ရာ ပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် အဆိုကို လေးစားစွာဖြင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဒေါ်နော်မေးရီယန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် ရဲ့ အဆိုကို ကျွန်မ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) ဒေါ်နော်မေးရီယန် က ထောက်ခံပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးမျိုးမြင့် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ အဆင့်မြင့်နည်းပညာတက္ကသိုလ်များ (Centres of Excellence) ပေါ်ပေါက်လာ၍ အရည်အချင်း ပြည့်ဝသော နည်းပညာကျွမ်းကျင်သူများနှင့် အင်ဂျင်နီယာများ မွေးထုတ်ပေးနိုင်ရေး လက်တွေ့ကျစွာ ပုံဖော်မည့် အစီအစဉ်

(Realistic Scenario) ဖြင့် အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာ ပညာရေးစနစ်ကို အကောင်အထည် ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးမျိုးမြင့် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမျိုးမြင့် တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) (ဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်းကော်မတီ)၏ ပဲခူးတိုင်းဒေသကြီး၊ နတ္တလင်းမြို့နယ်၊ နတ္တလင်း-ဒမငယ်-တောင်ညိုလမ်းကျောက်ချောခင်းခြင်း လုပ်ငန်းအပေါ် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက် အစီရင်ခံစာတွင် ဖော်ပြထားသော လေ့လာစိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်များအပေါ် အရေးယူပြုပြင်လိုက်နာဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၆ ။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်း (ဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်း ကော်မတီ)က ပဲခူးတိုင်းဒေသကြီး၊ နတ္တလင်းမြို့နယ်၊ နတ္တလင်း-ဒမငယ်-တောင်ညိုလမ်း ကျောက်ချော ခင်းခြင်း လုပ်ငန်းအပေါ် အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ လေ့လာစိစစ် တွေ့ရှိချက် အစီရင်ခံစာတွင် ဖော်ပြထားသော လေ့လာစိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်များအပေါ် အရေးယူပြုပြင် လိုက်နာဆောင်ရွက်ရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးသိန်းဝင်း အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များ၊ တက်ရောက်လာကြသော ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဝင်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ ဥက္ကဋ္ဌတာဝန်လည်း ထမ်းဆောင်နေသူ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီကနေ့ ပဲခူးတိုင်းဒေသကြီး၊ နတ္တလင်းမြို့နယ် နတ္တလင်း-ဒမငယ်-တောင်ညိုလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းအပေါ် အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက် အစီရင်ခံစာတွင် ဖော်ပြထားသော လေ့လာစိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်များအပေါ် အရေးယူပြုပြင် လိုက်နာဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေ့လာစိစစ်တွေ့ရှိချက် အစီရင်ခံစာကို လေ့လာစိစစ်တွေ့ရှိရတဲ့အကြောင်းကို ကနဦးတင်ပြရမယ်ဆိုလို့ရှိရင် ၄-၇-၂၀၁၃ ရက်စွဲနဲ့ ပေါက်ကုန်းကျေးရွာအုပ်စု ဒေသခံပြည်သူများကနေပြီးတော့မှ နတ္တလင်း-ဒမငယ်-တောင်ညိုလမ်းနဲ့ ပတ်သက်၍ မူလလမ်းကြောင်းရှိပြီး သွားလာမှုအသင့်အတင့် ကောင်းမွန်နေသောလမ်းအား နယ်စပ်ရေးရာဝန်ကြီးဌာန၏ တင်ဒါစိစစ်ရွေးချယ်မှုလုပ်ကိုင်ခွင့်ရ ရွှေလွင်လွင်ကုမ္ပဏီသည် ခွင့်ပြုငွေကျပ် (၄၂၃.၄၃) သန်းဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ယနေ့တိုင် ပြီးစီးမှုမရှိခြင်း၊ မည်သို့မျှ သွားလာ၍မရအောင် ပျက်စီးနေခြင်း စသည်တို့အပေါ် အရေးယူဆောင်ရွက်ပေးရန် တိုင်ကြားခဲ့ပါတယ်။

အဲဒီတိုင်ကြားခဲ့တဲ့အပေါ်မှာ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်း ကနေပြီးတော့မှ အဆင့်ဆင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံသို့ တင်ပြခဲ့ပါတယ်။ တင်ပြခဲ့တဲ့အပေါ်မှာ ကြားနာစစ်ဆေးပြီးတော့မှ အစိုးရအဖွဲ့ကို တိုက်တွန်းကြောင်းအဆိုတစ်ရပ် တင်သွင်းရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ညွှန်ကြားခဲ့ပါတယ်။ အဲဒီညွှန်ကြားချက်အပေါ်မှာ ၅-၈-၂၀၁၃ ရက်နေ့မှာ သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်း ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးကြားနာစိစစ်ခဲ့ပါတယ်။ ၂၆-၈-၂၀၁၃ ရက်နေ့မှာ တစ်ကြိမ်၊ နောက်ထပ် ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နဲ့ ညွှန်ကြားရေးမှူးများ၊ ရွှေလွင်လွင်ကုမ္ပဏီမှ ဦးရဲလွင် နဲ့ လုပ်ငန်းခွင်တာဝန်ခံတို့ တက်ရောက်ပြီးတော့မှ ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ခဲ့ကြပါတယ်။

လေ့လာစိစစ်တွေ့ရှိချက်များ။ လုပ်ငန်းခန့်မှန်းခြေ ကုန်ကျစရိတ်နဲ့ သတ်မှတ်စံညွှန်းများ တင်ပြတဲ့ အထောက်အထားတွေအရ နတ်တလင်း-ဒမငယ်-တောင်ညိုမြို့သစ်လမ်းဟာ အရှည်(၇)မိုင်၊ (၁၂)ပေအကျယ်၊ (၁၆)လက်မ ကျောက်ချောခင်းရန် ဖြစ်ပြီးတော့မှ ခွင့်ပြုငွေက ကျပ်သန်းပေါင်း (၄၂၃.၄၃)သန်း ဖြစ်ပါတယ်။ သုံးစွဲရမယ့် ပစ္စည်းရဲ့တန်ဖိုးကို ဖြန့်ဝေထားတဲ့ အစီရင်ခံစာမှာ အသေးစိတ် ဖော်ပြထားပြီး ဖြစ်ပါတယ်။

ဒီကုန်ကျစရိတ်များကို ကြည့်မယ်ဆိုရင် (၁)မိုင်ကုန်ကျစရိတ်ဟာ ကျပ်သန်း(၆၀.၄၉) ဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ ကျောက်ခင်းလမ်း ကျောက်အမျိုးအစားအလိုက် ရှိရမည့်ထုမှာ (၆/၉)

ကျောက်ကြီးကတော့ (၉)လက်မ၊ (၂/၄)ခွဲကျောက်ကတော့ (၄)လက်မ၊ (၁/၂)ခွဲကျောက် (၃)လက်မ၊ ဂျင်းကျောက် (၂)လက်မ ဖြစ်ပါတယ်။ ကျေးလက်လမ်းအတွက် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအရ ဂျင်းကျောက် သို့မဟုတ် ဂန်ဂါးကျောက် (၂)လက်မထု ဆောင်ရွက်ရန် ပါဝင်သော်လည်း တွက်ချက် တင်ပြထားသော ပစ္စည်းများစာရင်းအရ မြေနီကျောက်စရစ်ကို အစားထိုးသုံးစွဲထားတာကို တွေ့ရှိရပါတယ်။ မြေနီကျောက်စရစ်ဟာ မြေသားပါဝင်မှုများခြင်းကြောင့် မိုးရာသီတွင် ရွှံ့စေးအဖြစ် ပြောင်းလဲပြီး လမ်းပိုမိုပျက်စီးစေနိုင်တာကိုလည်း တွေ့ရှိရတဲ့အတွက် သတ်မှတ်စံချိန်စံညွှန်းနဲ့ ညီ၊ မညီ ကြီးကြပ်စစ်ဆေးဖို့ လိုအပ်ပါတယ်။ ဆောင်ရွက်ရမယ့် အစီအစဥ်မှာ ဖော်ပြထားတဲ့ ဖြတ်ပိုင်းပုံများအရ လမ်းဘေးတစ်ဖက်တစ်ချက်စီတွင် ရေမြောင်းများ ပါဝင်သော်လည်း ကွင်းဆင်းစစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများအရ ဆောင်ရွက်ထားမှုကို မတွေ့ရှိရပါဘူး။

စာချုပ် ချုပ်ဆိုဆောင်ရွက်ခြင်း။ ၄-၁၂-၂၀၁၂၊ ၅-၁၂-၂၀၁၂ နေ့နဲ့ ၆-၁၂-၂၀၁၂ ရက်နေ့များတွင် နိုင်ငံပိုင်သတင်းစာများက တင်ဒါခေါ်ယူပြီးတော့မှ ကုမ္ပဏီပေါင်း(၃၇)ခု ရှိခဲ့ပါတယ်။ ၂၈-၁၂-၂၀၁၂ ရက်နေ့မှာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့က သတ်မှတ်စံချိန်စံညွှန်းနဲ့ ကိုက်ညီပြီး အဆိုပြုတန်ဖိုး အနည်းဆုံးဖြစ်သော ကုမ္ပဏီများကို ရွေးချယ်ခဲ့ပါတယ်။ အဲဒီလို ရွေးချယ်တဲ့နေရာမှာ ရွှေလွင်လွင်ကုမ္ပဏီမှ ပဲခူးတိုင်းဒေသကြီးမြို့(၁၁)မြို့မှ နတ်တလင်း-ဒမငယ်-တောင်ညို- မြို့သစ်လမ်း အပါအဝင် ကျေးလက်လမ်းတံတားများ ပါဝင်တဲ့ အုပ်စုတင်ဒါ ရရှိခဲ့ပါတယ်။ ၁-၁-၂၀၁၃ ရက်နေ့မှာ စာချုပ် ချုပ်ဆိုခဲ့ပါတယ်။ စာချုပ်ပါ လုပ်ငန်းဆောင်ရွက်ရမယ့်ကာလဟာ ၃၁-၁-၂၀၁၃ မှ ၃၁-၃-၂၀၁၃ ရက်နေ့အထိ ဖြစ်ပါတယ်။

စာချုပ်ပါ သတ်မှတ်ချက်များ။ လုပ်ငန်းအာမခံကြေး စပေါ်ငွေအဖြစ် လုပ်ငန်းအုပ်စု တစ်ခုလုံးရဲ့တန်ဖိုး (၁၀)ရာခိုင်နှုန်းကို ပေးသွင်းရမည်ဖြစ်ပြီး လုပ်ငန်းအားလုံးပြီးစီး လွှဲပြောင်းလက်ခံပြီးပါက အာမခံကြေးစပေါ်ငွေကို ပြန်လည်ထုတ်ပေးမည် ဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ကာလအတွင်း လုပ်ငန်းပြီးစီးအောင် မဆောင်ရွက်နိုင်ပါက စပေါ်ငွေကို ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းခံရမည် ဖြစ်ပါတယ်။ လုပ်ငန်းသည် (၅)နှစ်အတွက် အာမခံဖြစ်ပြီး (၅)နှစ်အတွင်း ပျက်စီးပါက ကုမ္ပဏီကုန်ကျစရိတ်ဖြင့် ပြုပြင်ပေးရမည် ဖြစ်ပါသည်။ သတ်မှတ်ရက်အတွင်း မပြီးစီးပါက တစ်ရက်လျှင် ဒဏ်ကြေးကျပ်ငါးသောင်း ကုမ္ပဏီမှ ပေးသွင်းရမည် ဖြစ်ပါသည်။ ငွေပေးချေမှုမှာ စာချုပ် ချုပ်ဆိုပြီးပါက လုပ်ငန်းတန်ဖိုး၏ (၂၀)ရာခိုင်နှုန်းကို ကြိုတင်ငွေအဖြစ် ပထမအရစ်၊ (၅၀)ရာခိုင်နှုန်းပြီးပါက လုပ်ငန်းတန်ဖိုး၏ (၃၀)ရာခိုင်နှုန်းကို ဒုတိယအရစ်၊ (၈၀)ရာခိုင်နှုန်း ပြီးစီးပါက လုပ်ငန်းတန်ဖိုး၏ (၃၀)ရာခိုင်နှုန်းကို တတိယအရစ်၊ အားလုံးပြီးစီးပါက ကျန်(၂၀)ရာခိုင်နှုန်းကို ထုတ်ယူရမှာဖြစ်ပါသည်။ ဒီအာမခံကြေးစပေါ်ငွေပေးသွင်းမှု ရွှေလွင်လွင်ကုမ္ပဏီသည် ပဲခူးတိုင်းဒေသကြီး အတွင်း တိုင်ကြားစာပါ နတ္တလင်း-ဒမငယ်-တောင်ညိုလမ်း အပါအဝင် မြို့နယ်ပေါင်း (၁၁)မြို့နယ်တွင် ကျေးလက်လမ်း၊ တံတားလုပ်ငန်းတန်ဖိုး စုစုပေါင်း ကျပ်သန်းပေါင်း (၁၁၅၇.၂၇၀) ဖြစ်ပြီးတော့ လုပ်ငန်းအားလုံးကို အုပ်စုတစ်စုအဖြစ် ပေါင်းစည်းစာချုပ်ချုပ်ဆိုသည့်အတွက် (၁၀)ရာခိုင်နှုန်းဖြစ်တဲ့ (၁၁၅.၇၃)သန်းကို အာမခံစပေါ်ငွေအဖြစ် ပေးသွင်းထားရမည် ဖြစ်သော်လည်းပဲ (၁၁၄.၁၃)ကျပ်သန်းကိုသာ ပေးသွင်းထားတဲ့အပြင် (၁.၆)ကျပ်သန်း လျော့နည်းပြီးတော့မှ စပေါ်ငွေ ရယူထားတာကို တွေ့ရှိရပါတယ်။

စိစစ်တွေ့ရှိချက်များအရ ကွာခြားလျက်ရှိသော လုပ်ငန်းတန်ဖိုး(၂၀)မှာ ကုမ္ပဏီအဆိုပြု စဥ်က တွက်ချက်တင်ပြထားသော မင်းလှတံတား (၈၀)ပေအတွက် ခန့်မှန်းကုန်ကျစရိတ် (၂၄)သန်း အား (၁၆)သန်းတိုးမြှင့်၍ သန်း(၄၀)ခွင့်ပြုခြင်း၊ အုတ်ဖိုမြို့နယ် ဂုံညင်းတန်း-ဘုတ်သိုး-ဒီဒူးပင်-ကန်သာယာ ကျေးရွာချင်းဆက်လမ်းအတွက် ကျပ်(၅)သန်း ပါဝင်ခြင်းမရှိတဲ့အတွက် စစ်ဆေးတွေ့ရှိရပါတယ်။ တိုးမြှင့်ခွင့်ပြုပေးသော ကျပ်(၁၆)သန်းအပေါ် စပေါ်ငွေ(၁.၆)သန်း ကောက်ခံခဲ့ခြင်း မရှိပါ။ အာမခံစပေါ်ငွေ ပေးသွင်းရာတွင် ၃၁-၁-၂၀၁၃ ရက်နေ့ ကြိုတင်ထုတ်ယူငွေမှ ပြန်လည်ပေးသွင်းထားကြောင်း ဖော်ပြတွေ့ရှိရပါတယ်။

ငွေထုတ်ပေးထားမှု။ ရွှေလွင်လွင်ကုမ္ပဏီသို့ လုပ်ငန်းအုပ်စု တစ်ခုလုံးဖြစ်သည့် လုပ်ငန်းတန်ဖိုး ကျပ်သန်း(၁၁၅၇.၂၇၀)အပေါ်တွင် ကျပ်သန်းပေါင်း(၉၂၉)သန်း ထုတ်ပေးထားပြီး လုပ်ငန်းအားလုံး၏ (၈၀.၃)ရာခိုင်နှုန်း ထုတ်ပေးထားပါတယ်။ တိုင်ကြားစာပါ နတ္တလင်း-ဒမငယ်-တောင်ညိုလမ်းအတွက် ငွေကျပ်သန်းပေါင်း (၃၃၈.၇၄၄) ထုတ်ပေးထားပြီး လုပ်ငန်းတန်ဖိုး၏ (၈၀)ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။

စစ်ဆေးမှုမှတ်တမ်းများအရ လုပ်ငန်းပြီးစီးမှု။ လုပ်ငန်းတန်ဖိုး ကျပ်သန်းပေါင်း (၁၁၅၇.၂၇) ဖြင့် မြို့နယ်(၁၁)မြို့နယ်တွင် ရွှေလွင်လွင်ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းများအနက် ၂၈-၇-၂၀၁၃ ရက်နေ့တွင် အောက်ဖော်ပြပါ မြို့နယ်များရှိ လုပ်ငန်းများ ကျန်ရှိနေကြောင်း ကွင်းဆင်းစစ်ဆေးမှုမှတ်တမ်းများအရ တွေ့ရပါတယ်။ (က) နတ္တလင်း-ဒမငယ်-တောင်ညိုလမ်း ကျောက်ချောခင်းခြင်း (၇)မိုင်၊ ပြီးစီးမှု(၆၀)ရာခိုင်နှုန်း၊ (ခ) နတ္တလင်း-တာပွန်-ရေမွှေးလမ်း တံတား(၄၀)ပေ၊ ပြီးစီးမှု (၅၀)ရာခိုင်နှုန်း၊ (ဂ) ပေါင်းတည်-တာပွန်လမ်း ကတ္တရာခင်းခြင်း(၅)မိုင်၊ (၇၀)ရာခိုင်နှုန်း၊ (ဃ) လက်ပံတန်း-ကြခတ်ရိုး သစ်သားတံတား(၄၀)ပေ၊ (၆၀)ရာခိုင်နှုန်း၊ (င) လက်ပံတန်း-ရေသောက်ရိုး သစ်သားတံတား(၆၀)ပေ၊ (၆၀)ရာခိုင်နှုန်း၊ (စ) သာယာဝတီ-လှည်းကူးလမ်း ဇိမ်ဇာတံတား(၂၀)ပေ၊ (၉၀) ရာခိုင်နှုန်း၊ (ဆ) သာယာဝတီ-ဘေတင်ကုန်း-ချည်ကွင်းလမ်း တံတား(၂၀)ပေ၊ (၆၀)ရာခိုင်နှုန်း၊ (ဇ) မင်းလှ တောင်ကျချောင်းတံတား (၉၅)ရာခိုင်နှုန်း။

အမှတ်စဥ်(၁၄) (က) နတ္တလင်း- ဒမငယ်-တောင်ညို ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုမှာ စာရင်းဇယားနဲ့ အသေးစိတ်ဖော်ပြထားပါတယ်။ ဒီဟာကို လမ်းရဲ့ အခြေအနေမှာ တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်ထားမှု မရှိခြင်းကြောင့် ကျေးလက်နေပြည်သူများ သွားလာရေး ခက်ခဲလျက်ရှိကြောင်း မှတ်တမ်းများအရ တွေ့ရှိရပါတယ်။ အမှတ်စဥ်(ခ) နတ္တလင်း-တာပွန်-ရေမွှေး တံတား (၄၀)ပေမှာ ပြီးစီးမှု(၅၀)ရာခိုင်နှုန်း ဖော်ပြထားသော်လည်းပဲ သစ်သားစုဆောင်းဆဲ အဆင့်သာရှိကြောင်း မှတ်တမ်းများအရ တွေ့ရှိရပါတယ်။ အခြားတံတားများမှာလည်း သစ်သားစုဆောင်းဆဲ အဆင့်သာ ဖြစ်ပါတယ်။ မင်းလှတောင်ကျချောင်းတံတားမှာ ချဥ်းကပ်လမ်းဆောင်ရွက်မှု ကျန်ရှိနေဆဲဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ကွင်းဆင်းစစ်ဆေးမှုများ။ ဝန်ကြီးဌာနသည် ရွှေလွင်လွင်ကုမ္ပဏီ၏ လုပ်ငန်းပြီးစီးမှု အခြေအနေများကို အောက်ဖော်ပြပါအဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ ကွင်းဆင်းစစ်ဆေးချက်များအရ နတ္တလင်း-ဒမငယ်-တောင်ညိုလမ်းအတွက် ကောက်နုတ်ဖော်ပြပါတယ်။ ဦးခင်မောင်ချိုနဲ့ အဖွဲ့ ၂၂-၂-၂၀၁၃မှ ၂၅-၂-၂၀၁၃ ဒီအချိန်မှာ လုပ်ငန်းစတင်တဲ့အချိန် ဖြစ်တဲ့အတွက် လုပ်ငန်း

ပြီးစီးမှု မရှိသေးပါဘူး။ (ခ) ဦးခင်မောင်ချို နှင့်အဖွဲ့ ၂၄-၄-၂၀၁၃မှ ၂၆-၄-၂၀၁၃ (၆၀)ရာခိုင်နှုန်း၊ ဦးသိန်းလွင် ၁၉-၇-၂၀၁၃ (၄၉.၄)ရာခိုင်နှုန်း၊ (ဃ) ဒေါ်တင်မိုးမြင့် ၂၈-၇-၂၀၁၃ (၆၀)ရာခိုင်နှုန်း။ ကွင်းဆင်း စစ်ဆေးချက်များတွင် ဖော်ပြထားသော လုပ်ငန်းပြီးစီးမှု ရာခိုင်နှုန်းသတ်မှတ်မှုများတွင် ၂၆-၇-၂၀၁၃ နေ့စွဲဖြင့် ကုမ္ပဏီမှတင်ပြသော လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်း၊ ပဲခူးတိုင်းစည်ပင်သာယာရေး အဖွဲ့ ၂၅-၇-၂၀၁၃ နေ့စွဲဖြင့် တင်ပြသော လုပ်ငန်းပြီးစီးမှုမှာ (၄၉.၄)ရာခိုင်နှုန်း ဖြစ်ပါတယ်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို နှင့် လမ်းတံတား၊ ညွှန်ကြားရေးမှူး ဒေါ်တင်မိုးမြင့် တို့ရဲ့ တင်ပြသော လုပ်ငန်းပြီးစီးမှု ရာခိုင်နှုန်းဟာ (၆၀)ရာခိုင်နှုန်း ဖြစ်ပါတယ်။ လုပ်ငန်းပြီးစီးမှု သတ်မှတ်ရာခိုင်နှုန်းများဟာ အခြေအနေမှန်ကို ဖော်ပြခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။

ညှိနှိုင်းဆောင်ရွက်ချက်များ။ ကွင်းဆင်းစစ်ဆေးချက်များအရ နတ္တလင်းမြို့နယ်အတွင်း ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသော နတ္တလင်း-ဒမငယ်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် လုပ်ငန်းပြီးစီးမှု နှောင့်နှေးနေသောကြောင့် ကုမ္ပဏီမှ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ထံသို့ ၁၅-၆-၂၀၁၃ ရက်နေ့ နှင့် လုပ်ငန်းအားလုံးပြီးစီးပြီဖြစ်ကြောင်း တင်ပြခဲ့သော်လည်း ပြီးစီးမှုမရှိတဲ့ အတွက် ၂၆-၇-၂၀၁၃ ရက်နေ့၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးချုပ်သို့ ခေါ်ယူ၍ ၁၅-၈-၂၀၁၃ ရက်နေ့တွင် လုပ်ငန်းပြီးစီးမှုမရှိပါက အရေးယူခံရမည်ဖြစ်ကြောင်း ဝန်ခံကတိ ပြုလက်မှတ်ရေးထိုးစေခဲ့ပါတယ်။ ၁၀-၈-၂၀၁၃ရက်နေ့ နတ္တလင်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးခန်းမမှာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အား ဖိတ်ကြား၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ ပဲခူးတိုင်း ဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ ဒုတိယအင်ဂျင်နီယာမှူးကြီး၊ နတ္တလင်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူးနှင့် ရွှေလွင်လွင်ကုမ္ပဏီ ဒါရိုက်တာဦးရဲလွင် တို့ ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေး ညှိနှိုင်းချက်များအရ လတ်တလော ဖြတ်သန်းသွားလာ၍မရသည့် (၅)မိုင်အား စက်ဘီး၊ ဆိုင်ကယ်များ အလွယ်တကူ သွားလာနိုင်ရန် (၄)ပေအကျယ် မြေနီခင်း၍ ၂၀-၈-၂၀၁၃ ရက်နေ့အပြီး ဆောင်ရွက် ရန်၊ ၃၀-၉-၂၀၁၃ ရက်နေ့တွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ လမ်းအား (၁၀၀)ရာခိုင်နှုန်း ပြီးစီးရန် ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါတယ်။

ထုတ်ပေးရန် ကျန်ငွေများကို စီမံခန့်ခွဲမှု။ နိုင်ငံတော်၏ ဖြည့်စွက်ခွင့်ပြုငွေမှ ရွှေလွင်လွင် ကုမ္ပဏီသို့ စာချုပ်ချုပ်ဆို ခွင့်ပြုပေးထားသည့် လုပ်ငန်းတန်ဖိုး စုစုပေါင်းမှာ ကျပ်သန်းပေါင်း (၁၁၅၇.၂၇)ဖြစ်ပြီး၊ ထုတ်ပေးပြီးငွေမှာ ကျပ်သန်းပေါင်း(၉၂၉) ဖြစ်သဖြင့် ထုတ်ပေးရန်ကျန်ငွေမှာ ကျပ်သန်းပေါင်း (၂၂၈.၂၇၀)ဖြစ်ပါသည်။ အသေးစိတ်ကို အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ထုတ်ပေးထားသော ငွေများအနက် မင်းလှ တောင်ကျချောင်းတံတား (၈၀)ပေအတွက် ပိုမိုခွင့်ပြုပေး ထားသော ကျပ်(၁၆)သန်းအား ၂၅-၃-၂၀၁၃ ရက်နေ့တွင် ထုတ်ပေးထားကြောင်း တွေ့ရှိရပါတယ်။ အရစ်လိုက် ထုတ်ပေးထားခြင်းစာရင်းတွင် ပါဝင်မှုမရှိဘဲ သီးသန့်ထုတ်ပေးထားကြောင်း စိစစ်တွေ့ရှိရ ပါတယ်။

Payment Order ဝယ်ယူခြင်း။ ထုတ်ပေးရန်ကျန်ရှိသော ကျပ်သန်းပေါင်း(၂၂၇.၂၇၀) အပေါ်တွင်(၂၀)ရာနှုန်းပေးသွင်းရမည့် Withholding Tax ကျပ်သန်းပေါင်း(၄.၅၄၅၄၂)၊ ဆောင်ရွက်ခ

(၀.၀၃)ကျပ်သန်းတို့အား ခုနှိမ်၍ ကျပ်သန်းပေါင်း(၂၂၂.၆၉၄၆)အား Payment Order ဝယ်ယူထားကြောင်း တွေ့ရှိရပြီး အုတ်ဖိုမြို့နယ် ကျေးရွာချင်းဆက်လမ်းများမှ ပေးရန်ကျန် ကျပ်(၁)သန်း ပါဝင်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

(၂၀)ရာခိုင်နှုန်း Withholding Tax ပေးသွင်းမှု။ ပေးသွင်းပြီးငွေနှင့် ဖြတ်တောက်ထားရှိသော အခွန်ငွေအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။ အသေးစိတ် ဖော်ပြထားပါတယ်။ အုတ်ဖိုမြို့နယ် ကျေးရွာချင်းဆက်လမ်းများအပေါ်မှ ပေးရန်ကျန်ရှိသော ကျပ်(၁)သန်းအပေါ် ဖြတ်တောက်ထားရှိခြင်း မရှိကြောင်း တွေ့ရှိရပါတယ်။

ကုမ္ပဏီမှတင်ပြချက်။ ပြီးစီးမှုမရှိသေးသော လုပ်ငန်း(၈)ခုအတွက် ၃၀-၉-၂၀၁၃ ရက်နေ့တွင် ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း လုပ်ငန်းတစ်ခုချင်းအလိုက် တင်ပြထားပါတယ်။

သုံးသပ်ချက်။ တင်ဒါစိစစ်ရွေးချယ်မှု။ ဝန်ကြီးဌာန တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ပြီး တင်ဒါရွေးချယ်ရာတွင် အောက်ဖော်ပြပါအချက်များအပေါ် သုံးသပ်စိစစ်ရွေးချယ်ခဲ့ကြောင်း တင်ပြချက်အရ သိရှိရပါတယ်။ (က) သတ်မှတ်စံချိန် စံညွှန်းနှင့်ကိုက်ညီပြီး အဆိုပြု တန်ဖိုးအနည်းဆုံးဖြစ်ခြင်း၊ (ခ) သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်မှု ရှိ/မရှိ၊ (ဂ) ကုမ္ပဏီ၏ ဖွဲ့စည်းအင်အား၊ ယန္တရားအင်အားနှင့် လုပ်ငန်းအတွေ့အကြုံ၊ သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီပြီး အဆိုပြုတန်ဖိုး အနည်းဆုံးဖြစ်ခြင်းဟူသော စံသည် အဆိုပြုတန်ဖိုး အနည်းဆုံး ဖြစ်ပါက အဆိုပြုတန်ဖိုးနှင့် လျော်ညီသော လုပ်ငန်းတန်ဖိုးကိုသာ ရရှိမည်ဖြစ်ပြီး မည်သည့်ကုမ္ပဏီကမျှ အရှုံးခံ၍ အကောင်းဆုံးဆောင်ရွက်မည့် အခြေအနေ မရှိနိုင်သဖြင့် ဆီလျော်မှုမရှိပါ။ နိုင်ငံတော်မှ ဒေသခံပြည်သူများ ရရှိခံစားစေလိုသော အကျိုးကျေးဇူးများ ပြည့်ဝစွာ မရရှိနိုင်ခြင်း၊ တန်ရာတန်ကြေး ပြန်လည်ရရှိမှု အလားအလာနည်းပါးခြင်း စသည်တို့ ဖြစ်ပေါ်စေနိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်မှု ရှိ/မရှိ သည် ကုမ္ပဏီ၏ ဖွဲ့စည်းအင်အား၊ ယန္တရားအင်အားနှင့် လုပ်ငန်းအတွေ့အကြုံအပေါ် ခြုံငုံသုံးသပ်စဉ်းစားရမည် ဖြစ်ပါသဖြင့် ကုမ္ပဏီ၏ဆောက်လုပ်ရေးလုပ်ငန်းအတွက် လိုအပ်သော ယာဉ်၊ ယန္တရားပြည့်စုံမှုသည် အထူးအလေးပေး စဉ်းစားသင့်ပါသည်။ လမ်းလုပ်ငန်းအတွက် လမ်းကြိတ်စက် ပြည့်စုံမှုသည် လမ်းအရည်အသွေး ကောင်းမွန်မှုကိုများစွာ အထောက်အကူပြုပါသည်။ လမ်းကြိတ်စက်ကို အစိုးရဌာနများမှ ငှားသုံးသည့်စနစ်သည် သက်ဆိုင်ရာဌာနများ၊ ဝန်ထမ်းများကို စည်းကမ်းချိုးဖောက်စေရန် တွန်းပို့သကဲ့သို့ ဖြစ်စေနိုင်ပါသည်။

စာချုပ်ချုပ်ဆိုမှု။ စာချုပ်ချုပ်ဆိုရာတွင် လုပ်ငန်းအုပ်စု တစ်ခုလုံးအတွက် ပေါင်းစုချုပ်ဆိုထားခြင်းကြောင့် စည်းကမ်းသတ်မှတ်ချက်များနှင့် လုပ်ငန်းခန့်မှန်းခြေ ကုန်ကျစရိတ်များသည် မတူညီသော လုပ်ငန်းများအပေါ် ယေဘုယျသဘော သက်ရောက်စေပြီး တိကျခိုင်မာမှု အားနည်းနေပါသည်။ လုပ်ငန်းတစ်ခုချင်းအလိုက် စာချုပ်ချုပ်ဆိုသင့်ပါသည်။

ဝန်ကြီးဌာနစီမံခန့်ခွဲမှု။ ဝန်ကြီးဌာနသည် ပြည်ထောင်စုလွှတ်တော်မှ ခွဲဝေပေးသော ခွင့်ပြုငွေအပေါ် သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီပြီး အဆိုပြုတန်ဘိုး အနည်းဆုံးဖြစ်ခြင်းဟူသော မူဝါဒချမှတ် အသုံးပြုခြင်းကြောင့် ခွင့်ပြုငွေထက် လျော့နည်းအဆိုပြုခြင်းမှ ပိုလျှံလာသော တင်ဒါပိုလျှံငွေများကို စီမံခန့်ခွဲလျက် ရှိပါသည်။ ပြန်လည်သုံးသပ်ရန် လိုပါသည်။ အရည်အသွေးထိန်းချုပ်ရေးအတွက် ကွင်းဆင်းစစ်ဆေးလျက်ရှိသော်လည်း လုပ်ငန်းပြီးစီးမှု ရာခိုင်နှုန်းသတ်မှတ်မှုများမှာ

အရစ်ကျ ငွေထုတ်ပေးရန်အတွက်သာ ဆောင်ရွက်မှု၊ တင်ပြမှုဖြစ်သွားပါက မလိုလားအပ်သော ပြဿနာများ ပေါ်ပေါက်စေနိုင်ပါသည်။ မြေပြင်အခြေအနေမှန်ကို ဖော်ထုတ်တင်ပြရန် လိုပါသည်။ ကွင်းဆင်းစစ်ဆေးချက်များအရ တွေ့ရှိရသော တွေ့ရှိချက်များအပေါ် သက်ဆိုင်ရာ ကုမ္ပဏီ များက လိုက်နာဆောင်ရွက်ရေး အထူးအလေးပေးကြပ်မတ်သင့်ပါသည်။ ချုပ်ဆိုထားသောစာချုပ်များ အသက်ဝင်မှု အားနည်းနေသဖြင့် ချုပ်ဆိုသောစာချုပ်များ အသက်ဝင်၍ ဥပဒေစိုးမိုးရေး ဆောင်ရွက်သင့်ပါသည်။ လုပ်ငန်းပြီးပြတ်မှု မရှိသဖြင့် ခွင့်ပြုလျာထားငွေမှ ထုတ်ပေးရန် ကျန်ရှိနေသော ငွေများကို Payment Order များ ဝယ်ယူထားရှိမှုသည် အချိန်တိုကုစားမှုသာ ဖြစ်သင့်ပြီး အမြဲကျင့်သုံးရန် မသင့်လျော်ပါ။

ဖြည့်စွက်ခွင့်ပြုငွေ လွှတ်တော်မှ ခွင့်ပြုပေးခြင်းသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အချိန်မီ ပြီးစီးနိုင်သော၊ ဒေသပြည်သူများ လိုအပ်ချက်ဖြစ်သော လုပ်ငန်းများကိုသာ ခွင့်ပြုပေးခြင်း ဖြစ်ပါသည်။ ဒေသအခြေအနေအရ မပြီးစီးနိုင် ဟု ယူဆပါက တောင်းခံခြင်းမပြုရန် လိုအပ်ပါသည်။ စိစစ်တောင်းခံသင့်ပါသည်။ ကုမ္ပဏီသည် စုစုပေါင်းလုပ်ငန်းတန်ဖိုး၏ (၈၀)ရာခိုင်နှုန်း ငွေထုတ်ယူထားပြီး မှတ်တမ်းများအရ ဆောင်ရွက်ရန် လမ်း(၂)ခု၊ တံတား(၆)စင်း ကျန်ရှိနေပါသည်။ ကျန်ရှိနေသော တံတားများသည် ပစ္စည်းစုဆောင်းဆဲအဆင့်သာ ရှိသဖြင့် ယခုအခါ ရေကြီးခြင်းကြောင့် ဆောင်ရွက်ဆဲလုပ်ငန်းများ ပျက်စီးသွားနိုင်ပြီး လုပ်ငန်းသစ် ပြန်စရမည့်သဘော သက်ရောက်နေပါသဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏ တန်ဖိုးသည် ခန့်မှန်းခြေတွက်ချက်မှုများအရ ကျပ်သန်းပေါင်း(၃၄၀)ခန့်ရှိနေပြီး ဝန်ကြီးဌာနမှ ရရန်ကျန်တန်ဖိုးမှာ ကျပ်သန်းပေါင်း(၂၂၂.၆၉၅၂)၊ အာမခံစပေါ်ငွေ ကျပ်သန်းပေါင်း(၁၁၄.၁၃)၊ စုစုပေါင်းကျပ်သန်း(၃၃၆.၈၂၅)ခန့် ကျန်ရှိနေကြောင်း တွေ့ရပါသည်။ ကုမ္ပဏီလုပ်ငန်း ဆောင်ရွက်မှုများသည် အားနည်းလျက်ရှိနေသဖြင့် တာဝန်ခံချက်များ အတိုင်း ပြီးစီးအောင် အထူးကြပ်မတ်သင့်ပါသည်။ ကုမ္ပဏီ၏ တာဝန်ခံချက်များသည် ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ထံသို့ ၁၅-၆-၂၀၁၃ရက်နေ့ လုပ်ငန်းအားလုံး ပြီးစီးမည်ဟု တင်ပြခဲ့သည်မှ အစပြု၍ ယနေ့အထိ အကြိမ်ကြိမ်ရှိနေပြီဖြစ်ပါသည်။ ဒေသခံပြည်သူများ တင်ပြချက်များသည် မှန်ကန်ကြောင်း တွေ့ရှိရသဖြင့် ဒေသခံပြည်သူများအပေါ် အလေးထားဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ လုပ်ငန်းပြီးစီးရေး၊ လမ်းအရည်အသွေး ကောင်းမွန်ရေး၊ ရေရှည်ကောင်းမွန်ရေး အထူးကြပ်မတ်ဆောင်ရွက်သင့်ပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး၊ နတ္တလင်းမြို့နယ်၊ နတ္တလင်း-ဒမငယ်-တောင်ညိုလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းအပေါ် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ လေ့လာစိစစ်တွေ့ရှိချက် အစီရင်ခံစာမှာ ဖော်ပြထားသော လေ့လာစိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်များအပေါ် အရေးယူ၊ ပြုပြင်လိုက်နာဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို တင်သွင်းအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**ဦးထွန်းဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးသိန်းဝင်း ဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အဆိုကို ကျွန်တော် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးထွန်းဇော် က ထောက်ခံပါတယ်။

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းဝင်း တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ပဲခူးတိုင်းဒေသကြီး၊ နတ္တလင်းမြို့နယ်၊ နတ္တလင်း-ဒမငယ်-တောင်ညိုလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း အပေါ် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက် အစီရင်ခံစာတွင် ဖော်ပြထားသော လေ့လာစိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်များအပေါ် အရေးယူပြုပြင် လိုက်နာဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးသိန်းဝင်း ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးသိန်းဝင်း တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဆဋ္ဌမနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် သတ္တမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၂၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၁း၂၁ နာရီ အချိန်တွင် ရပ်နားပါသည်။]